International Crisis Group
WORKING TO PREVENT
CONFLICT WORLDWIDE

# Policy Briefing

**Asia Briefing N°144**
Yangon/Brussels, 15 May2014

# မြန်မာနိုင်ငံ၏ ပြဿနာရှိသော သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် ပေးဆပ်ရနိုင်သည့် တန်ဖိုးများကို စဉ်းစားကြည့်ခြင်း

## I. ခြုံငုံသုံးသပ်ခြင်း

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ အကြံပေးမှု၊ အလှူရှင်နစ်ဖွဲ့၏ အထူးရန်ပုံငွေ ပံ့ပိုးမှုတို့ဖြင့် ၂၀၁၄ ဧပြီလတွင် နှစ်သုံးဆယ်အတွင်း ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သော ရည်မှန်းချက်ကြီးမားသည့် စီမံကိန်း တစ်ခု ဖြစ်သည့် သန်းခေါင်စာရင်းသည် များစွာအငြင်းပွားစရာ၊ နက်နက်ရှိုင်းရှိုင်း ဝိဝါဒကွဲစရာ ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်လျက်ရှိသည်။ နိုင်ငံရေးနှင့် ပဋိပက္ခ အန္တရာယ်ဖြစ်နိုင်ချေများကို ကြီးကြီးမားမား မျက်ကွယ်ပြုခဲ့သော ယင်းလုပ်ငန်းစဉ်သည် ကွဲပြားစုံလင်လွန်းသော တိုင်းပြည်တွင် လူမျိုးရေးနှင့် ဘာသာရေး တင်းမာမှုများကို ပိုမို တိုးပွားစေခဲ့သည်။ နောက်ထပ် အန္တရာယ်ဖြစ်နိုင်ချေများကို လျှော့ပါးစေလိုပါက လာမည့်လများအတွင်း အငြင်းပွားဖွယ်ရလဒ်များကို မလွှဲမရှောင်သာ ထုတ်ပြန်ကြေညာရသည့်အခါ သတိကြီးကြီးဖြင့် ကိုင်တွယ်ရန် လိုပေလိမ့်မည်။

အဆိုပါသန်းခေါင်စာရင်းသည် မြန်မာအစိုးရနှင့်တကွ ဖွံ့ဖြိုးရေးလုပ်ငန်းလက်တွဲဖော်များ၊ ရင်းနှီးမြှုပ်နှံ သူများအား ၎င်းတို့၏ လုပ်ငန်းများ စီမံကိန်းရေးဆွဲရာတွင် အရေးပါသော အချက်အလက်များကို ဖြည့်ဆည်း ပေးပေလိမ့်မည်။ သို့ရာတွင် တိုင်းပြည်၏ အသွင်ကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးကိစ္စ လုပ်ဆောင်နေစဉ် အရေးကြီးသော အခိုက်အတန့်တွင် မလိုလားအပ်သော နိုင်ငံရေးတင်းမာမှုများကို ဖန်တီးကာ၊ ပဋိပက္ခများကို လည်း မီးမွှေးပေးခဲ့သည်။ သန်းခေါင်စာရင်း မှန်သမျှတွင် အငြင်းပွားစရာကိစ္စ အချို့ကို ရှောင်လွှဲ၍ မရနိုင်ပါ။ သို့ရာတွင် လုပ်ငန်းစဉ် ရေးဆွဲပြင်ဆင်ထားပုံ နည်းလမ်းသည် တိုင်းပြည်တွင် ဖြစ်ပေါ်နေသော အဖြစ်မှန်များနှင့် ယင်းတို့ကပေးသော အဓိကအန္တရာယ်ဖြစ်နိုင်ချေများကို လုံလုံလောက်လောက် လက်ခံသုံးသပ်မှု မရှိခြင်း ကြောင့် ဆိုးကျိုးသက်ရောက်မှုကို ကြီးကြီးမားမား ပိုဆိုးသွားစေခဲ့သည်။

ယင်းကဲ့သို့ ပြဿနာများမှာ ရှောင်လွှဲ၍မရသောအရာ မဟုတ်သလို၊ ကြိုတင်မှန်းဆမရသော အရာ လည်း မဟုတ်ပေ။ ပြဿနာများသည် လူမျိုး၊ ဘာသာ၊ နိုင်ငံသား အဆင့်အတန်းဆိုင်ရာ အချက်အလက် ကောက်ယူခွဲခြားပုံ နည်းလမ်းနှင့် လုပ်ငန်းစဉ်ရေးဆွဲရာတွင် အဓိကတိုင်းရင်းသား ပြည်နယ်ဒေသများနှင့် တိုင်ပင်နှီးနှောမှု မရှိခြင်းတို့မှ မြစ်ဖျားခံဆင်းသက်လာသည်။ နည်းပညာအကြံပေး ဦးဆောင်သူ ကုလလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) က လုပ်ငန်းစဉ်အစတွင် ထုတ်ပြန်ခဲ့သော နိုင်ငံရေး အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ချက်တွင် သန်းခေါင်စာရင်းကြောင့် ဆိုးဆိုးဝါးဝါး ဖြစ်လာနိုင်ချေများကို ခန့်မှန်းကာ ရှင်းရှင်းလင်းလင်း ချပြထားခဲ့သလို၊ Crisis Group အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့များနှင့် အကဲခတ်လေ့လာသူ များစွာကလည်း မကြာခဏ အကြိမ်ကြိမ် ရှင်းလင်း တင်ပြခဲ့ကြ သည်။ သို့သော် UNFP က ယင်းကဲ့သို့ စိုးရိမ်ပူပန်မှုများကို ပယ်ချကာ သန်းခေါင်စာရင်း၏ ကောင်းကွက်များကိုသာ တစ်သမတ်တည်း တင်ပြခဲ့ပြီး၊ အထူးဂရုပြုရမည့် နိုင်ငံရေးနှင့် ပဋိပက္ခအန္တရာယ် ဖြစ်နိုင်ချေများကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုကို စိုးရိမ်ရသောကြောင့် သန်းခေါင်စာရင်းစီမံချက်ကို ရုတ်သိမ်းထားရချိန်နှင့် အဓိက တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများက သန်းခေါင်စာရင်း ကောက်ယူမှုကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားချိန်မျိုး၌ပင် သန်းခေါင်စာရင်း အဓိကအလှူရှင်များက လုပ်ငန်းစဉ်အပေါ် အခြေခံကျကျ ပြန်လည်သုံးသပ်မှုများကို အကြံပြုရန် ပျက်ကွက်ခဲ့ကြသည်။ ရခိုင်သန်းခေါင်စာရင်း သပိတ်မှ သည် လူသားချင်း စာနာကူညီမှု အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့သော နိုင်ငံတကာ ကယ်ဆယ်ရေး အေဂျင်စီများ အကြမ်းဖက် တိုက်ခိုက်ခံရမှု အဖြစ်သို့ ကူးပြောင်းသွားချိန် နောက်ဆုံးမိနစ်ပိုင်း ရောက်လာမှသာ ယင်းကဲ့သို့ အပြောင်းအလဲများ ပြုလုပ်ရန် တွန်းအားပေးခဲ့ကြခြင်း ဖြစ်သည်။

ယင်း ပြဿနာများ၏ သက်ရောက်ရိုက်ခတ်မှုသည် အလွန်တာသွားခဲ့ပြီး၊ လူမျိုးကွဲ၊ ဘာသာကွဲ တင်းမာမှုများကို ပိုဆိုးသွားစေသည်။ သန်းခေါင်စာရင်းကို သပိတ်မှောက်မည်ဟု ကြွေးကြော်ထားသူ ရခိုင်လူမျိုးရေး အခြေခံဝါဒီများကို ချွေးသိပ်ရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်တစ်ခုအဖြစ် ရိုဟင်ဂျာတို့အား သူတို့ လူမျိုးအမည် သူတို့ ကိုယ်တိုင် သတ်မှတ်ခြင်းကို တားဆီးရန် နောက်ဆုံးမိနစ်ပိုင်းတွင် အစိုးရကဆုံးဖြတ်ခဲ့ပြီးနောက် ရခိုင်ပြည်နယ် အနှံ့တွင် သန်းခေါင်စာရင်းကောက်ယူမှုများ ရပ်တန့်သွားခဲ့သည်။ ရိုဟင်ဂျာ အသိုင်းအဝိုင်းများ အတွင်း ခြိမ်းခြောက်သည့် သဘောဖြင့် လုံခြုံရေး ထူထပ်စွာချထားသည့်ကြားမှပင် နေရာအတော်များများ၌ လူများစု နေထိုင်ကြသော ၎င်းအိမ်ထောင်စုများက ရိုဟင်ဂျာဟု သတ်မှတ်ရေးကိုသာ ခုခံပြောဆိုကာ သန်းခေါင်စာရင်းကို လုံးလုံးလျားလျား ငြင်းပယ်ခဲ့ကြသည်။ ကချင်ပြည်နယ်တွင်မူ လူမျိုးဆိုင်ရာ အချက်အလက် ကောက်ယူပုံနှင့် ပတ်သက်၍ တစ်စိတ်တစ်ပိုင်း စိုးရိမ်ပူပန်မှုများ ရှိသောကြောင့် ကေအိုင်အို လက်နက်ကိုင်အဖွဲ့ ထိန်းချုပ်သော နယ်မြေများတွင် သန်းခေါင်စာရင်း ကောက်ယူမှုကို ခွင့်မပြုခဲ့ပေ။ ကချင် ပြည်နယ်နှင့်

ရှမ်းပြည်မြောက်ပိုင်းတွင် သန်းခေါင်စာရင်းကောက်ယူသူများ သွားရောက်ခွင့် ရရှိရန်အတွက် မငြိမ်မသက်သော နယ်မြေများ လုံခြုံမှုရှိစေရန် မြန်မာစစ်တပ်ကို အသုံးပြုခဲ့သည်။ လုပ်ငန်းစဉ်အတွင်း နှစ်ဖက် တပ်များအကြား ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး အရပ်သား ရာပေါင်းများစွာ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ အရေးကြီးသော အချိန်မျိုးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နောက်ထပ် အနှောင့်အယှက် ဖြစ်စေခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ မွတ်ဆလင် အသိုင်းအဝိုင်းအား အထူးသဖြင့် ရိုဟင်ဂျာတို့အား ခြိမ်းခြောက်နေကြောင်း ထင်ရှားသည့် လူမျိုးရေးတင်းမာမှုများကို ဖြေရှင်းရာတွင် မြန်မာအစိုးရ၏ ကိုင်တွယ်ပုံနည်းလမ်း ချို့ယွင်းမှု ရှိခြင်းကို သံသယရှိစရာမလိုပေ။ ယင်းပြဿနာများသည် သန်းခေါင်စာရင်းအကြောင်း မပြောခင်ကပင် ရှိနှင့်နေပြီးသား ဖြစ်သည်။ အာဏာပိုင်များအနေဖြင့် နိုင်ငံတော်၏ ဦးစားပေးကိစ္စသည် အားလုံး ကြီးပွား ချမ်းသာရေးဖြစ်ကြောင်း အများသိအောင် လူသိရှင်ကြား ကြေညာချက်များ၊ လုံခြုံရေး တာဝန်ရှိ ဝန်ထမ်းတို့၏ အပြုအမူများ၊ ပြဋ္ဌာန်းထားသော ဥပဒေများ၊ မှတဆင့် ပြသရန် များစွာပိုမိုလုပ်ဆောင်ဖို့ လိုသေးသည်။ ထိုနည်းတူစွာ နိုင်ငံရေးအဖြစ်မှန်များကို ပိုမိုသိရှိလက်ခံထင်ဟပ်သော သန်းခေါင်စာရင်းကို ဆူပူအုံကြွ နိုင်ချေနည်းသော အချိန်မျိုးတွင် ပြုလုပ်ပါက ယခု ဖြစ်ပေါ်နေသော ပြဿနာအချို့ကို ရှောင်ရှားနိုင်ခြင်း (သို့) လျှော့ချနိုင်ခြင်းတို့ ဖြစ်နိုင်သည်။ ထို့အပြင် သန်းခေါင်စာရင်း အချက်အလက် ထုတ်ပြန်သည့် အချိန်ကာလနှင့် ထုတ်ပြန်သည့် ပုံစံတို့ပေါ်မူတည်ပြီး နောက်ထပ် အန္တရာယ်ဖြစ်နိုင်ချေများ ရှိနေသည်။ ယခု အနေအထားတွင် ယင်းအန္တရာယ်များ လျှော့ပါးသွားဖို့ လွယ်ကူမည် မဟုတ်ပါ။ UNFPA နှင့် အလှူရှင်များမှာလည်း လုပ်ငန်းစဉ်၏ နည်းပညာအပိုင်းနှင့် ကုန်ကျစရိတ် အပိုင်းတို့ ပြီးစီးသွားမှုကြောင့် ဝင်ရောက်စွက်ဖက်နိုင်မှု များစွာ လျှော့နည်း သွားပေလိမ့်မည်။

UNFPA နှင့် အဓိက အလှူရှင်များသည် အဖွဲ့အစည်းပေါင်းစုံက ရှင်းရှင်းလင်းလင်း သတိပေးနေသည့်ကြားမှပင် ပြစ်ချက်မကင်းသည့် လုပ်ငန်းစဉ်ကို ရေးဆွဲကာ တွန်းအားပေးခဲ့ကြခြင်းအတွက် သူတို့တာဝန်ယူရမည့် အပိုင်းကို လက်သင့်မခံပဲ၊ အစိုးရအပေါ် လုံးလုံးလျားလျား အပြစ်ပုံချရန် ကြိုးစားခဲ့ကြသည်။ ၎င်းတို့သည် ရိုဟင်ဂျာတို့အား လူမျိုးအမည် ကိုယ်တိုင်သတ်မှတ်ခွင့်ပိတ်ပင်သည့် အစိုးရ၏ နောက်ဆုံးမိနစ်ပိုင်း ဆုံးဖြတ်ချက်ကို ပြစ်တင်ဝေဖန် သော်ငြားလည်း လုပ်ငန်းစဉ်အစောပိုင်းတွင် ပြင်ဆင်ခြင်း၊ ဆိုင်းငံ့ခြင်း မပြုရန် တွန်းအားပေးခြင်းဖြင့် ထိုအချက်ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ကြပြီး၊ အကြမ်းဖက်မှု ရှောင်ရှားရန် နည်းလမ်းကောင်း အနည်းငယ်သာကျန်တော့သည့် ခက်ခက်ခဲခဲ အခြေအနေတွင် အစိုးရကို ပစ်ထားခဲ့ကြ သည်။ အစိုးရ၏ နောက်ဆုံး မိနစ် ပိုင်းဆုံးဖြတ်ချက် မတိုင်မီအထိ လုပ်ငန်းစဉ်ကောင်းစွာ အလုပ်ဖြစ်ခဲ့သည်ဟု ပုံပြောနေသော ဇာတ်လမ်းသည် မှန်ကန်မှုမရှိသလို အထောက်အကူလည်း မဖြစ်ပေ။

## II. စိန်ခေါ်မှုများသော လုပ်ငန်း

မြန်မာနိုင်ငံတွင် အချက်အလက် အခြေပြု၍ မူဝါဒ ချမှတ်ခြင်းနှင့် ရေးဆွဲခြင်းတို့ ပြုလုပ်ရာတွင် မှန်ကန် စိတ်ချရသော အချက်အလက်မရှိခြင်းသည် ယခင်ကတည်းကပင် အဓိက အခက်အခဲတစ်ခု ဖြစ်ခဲ့သည်။[1] နောက်ဆုံး သန်းခေါင်စာရင်း ကို လွန်ခဲ့သော နှစ်ပေါင်း (၃၀) ၁၉၈၃ တွင် ပြုလုပ်ခဲ့ပြီး၊ ထိုအချိန်က ပြည်တွင်းစစ် ပဋိပက္ခကြောင့် တိုင်းရင်းသား နယ်စပ်တောင်တန်းဒေသများသို့ မရောက်နိုင်ခဲ့ပေ။ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေအားလုံးတွင် ပြုလုပ်ခဲ့သော နောက်ဆုံးသန်းခေါင်းစာရင်းမှာ ကိုလိုနီအုပ်ချုပ်ရေးကာလ ၁၉၃၁ တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။[2]

၂၀၁၁ နောက်ပိုင်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို တိုင်းပြည်နေရာအနှံ့တိုက်ပွဲများ ရပ်သွားစေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လူဦးရေအချက်အလက် အရေးပေါ်လိုအပ်မှုတို့ပါ ပေါင်းလိုက်သောအခါ၊ နောက်ဆုံးတွင် ယင်းကဲ့သို့ စာရင်းကောက်ယူမှုကို စိတ်ချယုံကြည်ရသော နည်းလမ်းဖြင့် လုပ်ဆောင်ရန် ဖြစ်နိုင်ချေကို ဖန်တီးဖြစ်ပေါ် စေသည်။ ကုလအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ၎င်း၏ ၂၀၁၂ ဧပြီလ မြန်မာခရီးစဉ်တွင် သန်းခေါင် စာရင်းကောက်ယူရေးအတွက် မြန်မာအစိုးရအား နည်းပညာအကြံအဉာဏ်နှင့် အကူအညီပေးရန်အပြင် စီမံချက် အတွက်လိုအပ်သော ရန်ပုံငွေအတွက် ဖြစ်နိုင်ချေ အလှူရှင်များနှင့် ဆက်သွယ်ပေးရန် ကမ်းလှမ်းခဲ့သည်။ ယင်းအစီ အစဉ်သည် ကုလအထွေထွေအတွင်းရေးမှူးချုပ် ခရီးစဉ်၏ အဓိကလက်ဆောင်တစ်ခုဖြစ်လာခဲ့သည်။[3] အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးလာရောက်သော ခရီးစဉ်တွင် သန်းခေါင်စာရင်း ကိစ္စဆွေးနွေးပွဲ၌ ပေးစာချင်း လဲလှယ်ရာတွင် မြန်မာလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးက နိုင်ငံတကာစံနှုန်းများ၊ ကုလသမဂ္ဂ ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ သန်းခေါင်စာရင်း ကောက်ယူမှုကို လုပ်ဆောင်သွားရန်

[1] For previous Crisis Group reporting on Myanmar since the present government took power, see Asia Briefings N°143, *Myanmar's Military: Back to the Barracks?*, 22 April 2014; N°142, *Not a Rubber Stamp: Myanmar's Legislature in a Time of Transition*, 13 December 2013; N°140, *A Tentative Peace in Myanmar's Kachin Conflict*, 12 June 2013;N°136, *Reform in Myanmar: One Year On*, 11 April 2012; and N°127, *Myanmar: Major Reform Underway*, 22 September 2011; also Asia Reports N°251, *The Dark Side of Transition: Violence Against Muslims in Myanmar*, 1 October 2013;N°238, *Myanmar: Storm Clouds on the Horizon*, 12 November 2012; N°231, *Myanmar: The Politics of Economic Reform*, 27 July 2012; and N°214, *Myanmar: A New Peace Initiative*, 30 November 2011.
[2] For a detailed discussion of the background, see "Ethnicity without meaning, data without context: The 2014 census, identity and citizenship in Burma/Myanmar", Burma Policy Briefing No. 13, Transnational Institute, February 2014.
[3] An internal UN Policy Committee document from May 2012, seen by Crisis Group, listed the census as first among six issues for UN engagement identified by the Secretary-General's visit.

တာဝန်ခံခဲ့သည်။[4] ထို့နောက်တွင် သန်းခေါင်စာရင်းအတွက် စီမံကိန်းရေးဆွဲမှုကို မြန်မာအစိုးရနှင့် UNFPA တို့ ပူးပေါင်းကာ အပြီးသတ် လိုက်ကြသည်။

၂၀၁၄ မတ်-ဧပြီတွင် ပြုလုပ်ရန် စီစဉ်ကြသော လုပ်ငန်းစဉ်အတွက် မြန်မာအစိုးရအနေဖြင့် နည်းပညာနှင့် ငွေကြေးအကူအညီများများစားစား ရရှိရန်လိုအပ်သည်။ ပြီးခဲ့သောနှစ်ပေါင်း ၃၀ အတွင်း သန်းခေါင်စာရင်း ကောက်ယူမှု မရှိခဲ့ဘူးသောကြောင့် သန်းခေါင်စာရင်းအတွေ့အကြုံရှိသော အစိုးရတာဝန် ရှိသူ တစ်ဦးတစ်လေပင်မရှိပေ။[5] ထို့အတွက် သန်းခေါင်စာရင်း စီမံချက်နည်းပညာအကြံပေး အကြီးအကဲကို ပြည်သူ့အင်အားဦးစီးဌာနတွင် တွဲဖက်ပေးခဲ့ခြင်းကြောင့် UNFPA သည် နည်းပညာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်း များတွင် မကြုံစဖူး ဩဇာရှိသော ကဏ္ဍကို ရရှိခဲ့ပြီး၊ မြန်မာအစိုးရ ဝန်ကြီးဌာနတစ်ခုအတွင်း နိုင်ငံတကာ ကျွမ်းကျင်သူများကို လုပ်ကိုင်ခွင့်ပြုခဲ့သော ပထမဆုံးဖြစ်ရပ် ဖြစ်ခဲ့သည်။

တိုင်းပြည် အရွယ်အစားကြောင့် ကုန်ကျစရိတ်ပိုများခြင်း၊ လမ်းပန်းခက်ခဲသော ဝေးလံခေါင်သီ အရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်း၊ စာရွက်ပုံစံဖောင်မှသည် ကောက်ခံသူလက်စွဲ၊ လေ့ကျင့်ရေး ပစ္စည်းများ အထိ အရာရာကို စလုံးရေစမှ စတင်ရခြင်း၊ သန်းခေါင်းစာရင်းတွင် ရည်မှန်းချက်ကြီးလွန်းသော သဘောသဘာဝရှိခြင်း အစရှိသဖြင့် ကြီးမားကျယ်ပြန့်လွန်းသော အားထုတ်ကြိုးပမ်းရမှုများအတွက် ပြင်ပမှ ငွေကြေးအကူအညီရရှိရေးမှာ လွန်စွာအရေးပါသည်။ နောက်ဆုံးတွင် ဒေါ်လာ ၇၄ သန်းခန့်အထိ ကုန်ကျဖွယ်ရှိသည်။ ထိုအကြောင်းကြောင့် ရန်ပုံငွေ၏ လေးပုံသုံးပုံခန့်ကို ထောက်ပံ့ခဲ့ကြသူများဖြစ်သည့် အလှူရှင်နှစ်ဖွဲ့ အနေဖြင့် အရေးပါသော တာဝန်ယူမှုအပြင် UNFPA (နှင့် အစိုးရ) အပေါ်၊ လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းတို့ အပေါ် လွှမ်းမိုးနိုင်သော အတော်အတန် ခိုင်မာအားကောင်းသော အခြေခံကို ရရှိခဲ့ကြသည်။[6]

အစိုးရဖက်ကလည်း ငွေကြေးနှင့် နည်းပညာပိုင်း နှစ်မျိုးစလုံးတွင် အတော်အတန် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု များပြုလုပ်ခဲ့သည်။ ယင်းသို့ ပြုလုပ်ရာတွင် နိုင်ငံတစ်ဝှမ်း ကျယ်ပြန့်သော အရပ်ဖက်အုပ်ချုပ်ရေး ယန္တရားကို တွန်းအားပေးခြင်း၊ မူလတန်းပြဆရာမများ အဓိကပါဝင်သော အစိုးရဝန်ထမ်း ၁၀၀,၀၀၀ ကျော်ကို စာရင်း ကောက်ယူသူများအဖြစ် လေ့ကျင့်တာဝန်ပေးခြင်း၊ ထိုကဲ့သို့ ကြီးမား၊ ရှုတ်ထွေးလွန်းသော လုပ်ငန်းတာဝန်အတွက် နည်းပညာပိုင်းနှင့် အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်းများ နေရာတကျဖြစ်အောင် ၂ နှစ်အတွင်း ကြီးကြီးမားမား အားထုတ်ရခြင်း တို့ပါဝင်သည်။

[4] Letter dated 30 April 2012 from the Secretary-General's Special Adviser for Myanmar Vijay Nambiar to the Immigration Minister, and the latter's response dated the same day.
[5] "Ethnicity without meaning …", op. cit.
[6] The census donors, who provide funds through UNFPA, are: Australia, Finland, Germany,Italy, Norway, Switzerland, Sweden and the UK. Of these, the UK is the largest, having contributed approximately $16 million.

## III. အလွဲအမှားများ ရှိသော လုပ်ငန်းစဉ်

တိုင်းပြည်တွင် မှန်ကန်တိကျသော ကိန်းဂဏန်းအချက်အလက် လိုအပ်နေသော အခြေအနေကို မေးခွန်းထုတ်စရာ မရှိသော်လည်း သန်းခေါင်စာရင်းလုပ်ငန်းစဉ် ရေးဆွဲပုံနှင့် လုပ်ဆောင်ပုံတို့တွင် ပြဿနာရှိသည်။ အထူးသဖြင့် အချိန် ကာလ၊ ပါဝင်သော အကြောင်းအရာ၊ ပဋိပက္ခ အပါအဝင် နိုင်ငံရေး အန္တရာယ်ဖြစ်နိုင်ချေ လျှော့ချမှု အားနည်းခြင်းတို့နှင့် ဆိုင်သည်။

### (က) စီမံချက်လုပ်ဆောင်သော အချိန်ကာလ

ကုလအထွေထွေအတွင်းရေးမှူးချုပ် လာရောက်သောအချိန်တွင် မြန်မာနိုင်ငံသည် ရာစုနှစ်ဝက် အာဏာရှင်စနစ်မှ အထင်ကရအသွင်ကူးပြောင်းရေးစတင်မှု တစ်နှစ်ပင်မပြည့်သေးသည့်အပြင်၊ လက်နက်ကိုင် အုပ်စု တစ်ဒါဇင်ကျော် ပတ်သက်နေသော နှစ်ပေါင်းခြောက်ဆယ် ပြည်တွင်းစစ်ကို အဆုံးသတ်ရန်အတွက် ရှုတ်ထွေးသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်များ စတင်ကာစသာ ရှိသေးသည်။[7] လူမျိုးနှင့် ဆိုင်သော အယူအဆများအားပြိုင်မှုက ပဋိပက္ခကို ယခင်ကတည်းက မီးမွှေးခဲ့ဘူးသော နိုင်ငံတွင် လူမျိုးရေးနှင့် ဘာသာရေးအနေအထား ပုံစံကောက်ကြောင်း များကို ပြန်လည်သုံးသပ်ရဖွယ် ရှိနေခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ရိုက်ခတ်မှုများရှိနေခြင်း၊ ရွေးကောက်ပွဲအပေါ် သက်ရောက်မှုများရှိနေသော ကိန်းဂဏန်းထုတ်ပြန်မှုသည် ဆယ်စုနှစ်များစွာအတွင်း ပထမဦးဆုံး ဖြစ်လာနိုင်သော ဒီမိုကရေစီရွေးကောက်ပွဲများနှင့် တိုက်ဆိုင်နေခြင်းစသည့် အကြောင်းအရာများကြောင့် ယခုအချိန်သည် သန်းခေါင်စာရင်း ကောက်ယူမှုအတွက် အန္တရာယ်များသော အချိန်ဖြစ်နေသည်။ သန်းခေါင်စာရင်းကိစ္စ အခမ်းအနား၌ အထွေထွေ အတွင်းရေးမှူးချုပ်၏ မှတ်ချက်စကားများသည် လူမျိုးအမည်နှင့် ကိုးကွယ်သောဘာသာ ပါဝင်ရမည်ဟု ကြိုတင်စကားဦး သန်းခဲ့ပြီး၊ အပြန်အလှန်နားလည် သဘောပေါက်ရေးအတွက် ကရိယာတစ်ခုဟု အကောင်းမြင် သုံးသပ်ခဲ့သည်။ ၎င်း ကြိုတင်ခန့်မှန်းသော စိန်ခေါ် မှုများမှာ သင်တန်းများပေးရန် လိုအပ်မှု၊ ဝေးလံခေါင်သီအရပ်များသို့ သွားရောက်ရန် ခက်ခဲမှု အစရှိသော နည်းပညာပိုင်း သက်သက်သာ ဖြစ်ပေသည်။[8]

မရေးမနှောင်းထွက်ပေါ်လာသော သန်းခေါင်စာရင်းစီမံချက်စာတမ်းတွင် စီမံချက်လုပ်မည့်အချိန်အပေါ် ထိထိရောက်ရောက် စဉ်းစားသုံးသပ်မှု မပါဝင်ပေ။ ၂၀၁၅ ရွေးကောက်ပွဲများနှင့် နီးကပ်နေကြောင်း ပါရှိသော်လည်း သန်းခေါင်စာရင်းကောက်ခြင်းကို မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းနှင့် သတ်သတ်စီခွဲခြား ဆောင်ရွက်ရန်သာ တင်ပြထားခြင်း ဖြစ်သည်။ မကြုံစဖူး လာမည့်ရွေးကောက်ပွဲများမတိုင်မီ အချိန်ကပ်၍ အကဲဆတ်သော

[7] For a contemporaneous analysis, see Crisis Group Asia Briefing N°136, *Reform in Myanmar: One Year On*, 11 April 2012.
[8] "Remarks at census event", UN Secretary-General Ban Ki-moon, Naypyitaw, 30 April 2012.

လူမျိုး၊ ဘာသာဆိုင်ရာ ကိန်းဂဏန်း သစ်များ ထုတ်ပြန်ခြင်းကြောင့် ဖြစ်လာနိုင်သော နိုင်ငံရေးအန္တရာယ်များကိုလည်း ထည့်သွင်း တွက်ချက်ထားခြင်းမရှိပေ။[9]

(ခ) မေးမြန်းမည့်အကြောင်းအရာ

သန်းခေါင်စာရင်းကောက်ယူရာတွင် အခြေခံကျသော လူဦးရေကိန်းဂဏန်းမျှသာမကပဲ၊ လူမျိုးအမည်၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားအဆင့်စသော အကဲဆတ်လွန်းသည့် အချက်အလက်များလည်း ပါဝင်သည်။ ယင်းကဲ့သို့ အချက်အလက်များ ကောက်ယူရသည့် အကြောင်းရင်းနှင့် ထိုသို့ပြုလုပ်ခြင်းကြောင့် တွဲပါလာမည့် အန္တရာယ်ဖြစ်နိုင်ချေ များကို စေ့စပ်သေချာစွာ ထည့်သွင်းစဉ်းစားပုံ မရပေ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုအချက်အလက်များကို စုဆောင်းရမည်ဟု အပြင်လူများက ခန့်မှန်းပြောဆိုခဲ့ကြခြင်းဖြစ်ပြီး၊ စီမံကိန်းစာတမ်း တွင်လည်း ထိုအချက်များသည် ပြဿနာမရှိဟု ယူဆထားသည်။[10] ယင်းသို့သော အချက်အလက်များကို ကောက်ယူစေလိုသော တိုင်းရင်းသား ခေါင်းဆောင်အချို့နှင့် အသိုင်းအဝိုင်းများလည်း ရှိသည်။ သို့ရာတွင် ထွက်ပေါ်လာသော အန္တရာယ်ဖြစ်နိုင်ချေလျှော့ချရေး မူဘောင်ပုံစံထဲတွင် ယင်းကဲ့သို့ အချက်အလက်များ ကောက်ယူမှု၊ ထုတ်ပြန်မှုတို့နှင့် ဆက်စပ်နေသော ဖြစ်နိုင်ချေပြဿနာ မှန်သမျှကို စေ့စေ့စပ်စပ် ထည့်သွင်း စဉ်းစားခြင်း မရှိသလို၊ ထိုသို့ပြုလုပ်ရမည့် သီးခြားနည်းလမ်းများလည်း မပါရှိပေ။ အထူးသဖြင့် ၁၉၈၀ ခုနှစ်များတွင် အစိုးရက သတ်မှတ်ထုတ်ပြန်ထားသော တိုင်းရင်းသား ၁၃၅ မျိုးစာရင်းကို တိုင်းရင်းသားလူမျိုး အများစုက နက်နက်ရှိုင်းရှိုင်း ကွဲလွဲမှုအဖြစ် ရှုမြင်ကာ ပြင်းပြင်းထန်ထန် ငြင်းခုန်လျက်ရှိခြင်းကို အသိအမှတ်ပြုခြင်း မရှိပေ။

အဆိုပါ မေးခွန်းများ၏ အငြင်းပွားဖွယ်သဘောသဘာဝကို နားလည်သဘောပေါက်မှု မရှိခြင်းသည် စီမံကိန်းစာတမ်းတွင် ထင်ဟပ်နေပြီး၊ စီစစ်တင်ပြထားသော ဖြစ်နိုင်ချေအန္တရာယ်လျှော့ချရေး အစီအစဉ်များ ထဲတွင် အငြင်းပွားဖွယ်မေးခွန်းများ ဖယ်ရှားရေးဖြစ်နိုင်ချေကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့သည်။[11] အကျပ်အတည်း ဖြစ်နိုင်ချေကို ဘာဆိုဘာမှ ဖြေရှင်းထားခြင်း မရှိပေ။[12] ရခိုင်ပြည်နယ်တွင် သွေးစွန်းသော မွတ်ဆလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိပြီး၊ ယင်း အန္တရာယ်များကို အကဲဖြတ်နေဆဲ အချိန် အခိုက်အတန့် ဖြစ်သည့်အပြင် ကမ္ဘာ့အကြာဆုံး ပြည်တွင်းစစ်ကို အဆုံးသတ်ရန် ကြိုးစားနေသော လမ်းခရီးတစ်ဝက်တွင်သာ ရှိနေသေးသည့် တိုင်းပြည်မျိုးတွင် ဤကိစ္စသည် အံ့အားသင့်စရာ

[9] "2014 Population and Housing Census. Project Document", Myanmar Department of Population, with the support of UNFPA Myanmar Country Office, October 2012.
[10] Ibid.
[11] Ibid.
[12] Risk 8 was phrased as follows: "Rejection of the census by sectors of the population because of political, ideological or other reasons. *The risks here are in not having complete census coverage and/or inaccurate results*" (emphasis added). Ibid, section 6.

ပေါ့လျော့ပျက်ကွက်မှု တစ်ခုဖြစ်သည်။[13] ထိုအတောအတွင်း UNFPA သည် စတင်ကာစသာရှိသေးသော အာဖဂန်နစ္စတန် သန်းခေါင် စာရင်းစီမံချက်တွင်မူ အလွန်ကွဲပြားခြားနားသော နည်းလမ်းပုံစံကို သိသာထင်ရှားစွာ ထောက်ခံအကြံပြုခဲ့သည်။

> "လူမျိုးအမည် (သို့) ဘာသာစကား ကို မေးမြန်းမှာ မဟုတ်ပါဘူး။ ဒီလိုလုပ်ရတာ အကြောင်းရှိပါတယ်။ အာဖဂန်နစ္စတန်ဟာ နိုင်ငံရေးလုပ်ငန်းစဉ်၊ စီးပွားရေး၊ လုံခြုံရေးအစရှိတဲ့ ကဏ္ဍတွေအကြားမှာ ဖြေရှင်းရမယ့် ကိစ္စရပ်တွေ တစ်ပုံတစ်ပင်ရှိနေတဲ့ တိုင်းပြည်ပါ။ ပိုပြီးရှုတ်ထွေးသွားအောင် ဘာ့ကြောင့်လုပ်မလဲ"[14]

မြန်မာနိုင်ငံတွင်မူ အလားတူ အန္တရာယ်တွေကို ဘာ့ကြောင့် မမြင်ကြသနည်း။ အလားတူ မဟာဗျူဟာ နည်းလမ်းကို ဘာ့ကြောင့် မစဉ်းစားခဲ့သနည်း ဆိုသည်ကို နားမလည်နိုင်ပါ။

## (ဂ) တကယ့်အန္တရာယ်ဖြစ်နိုင်ချေမှန်သမျှ လျှော့ချရန် ပျက်ကွက်မှု

သန်းခေါင်စာရင်းအတွက် လုံလောက်မှုမရှိသော အန္တရာယ်ဖြစ်နိုင်ချေ လျှော့ချမှုအစီအစဉ်ကို လုပ်ဆောင်ခဲ့သော်လည်း UNFPA က ၎င်း၏ အကဲဖြတ်အစီရင်ခံစာတွင် "သန်းခေါင်စာရင်း လုပ်ငန်းစဉ်တစ်လျှောက်လုံး တိုင်းရင်းသားလူမျိုးအမည် ကိစ္စအပါအဝင် အန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ခြင်း၊ လျှော့ပါး စေခြင်းတို့ကို အထူးဂရုတစ်စိုက် ရှိခဲ့သည်" ဟု ဖော်ပြခဲ့သည်။[15] စီမံကိန်းစာတမ်းတွင် ဖြစ်နိုင်ချေ အန္တရာယ်အချို့ကို စီစစ်တင်ပြထားသော်လည်း အားလုံးနီးပါးမှာ နည်းပညာပိုင်းဆိုင်ရာများသာ ဖြစ်ပြီး၊ အဆိုပြုထားသော ပြဿနာလျှော့ချရေး အစီအစဉ်များမှာလည်း ကောင်းစွာစည်းရုံးလုပ်ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စများအပေါ် သီးသန့်ဦးစားပေး ဦးတည်ထားခြင်းဖြစ် သည်။[16] ၂၀၁၃ ဧပြီလတွင် ပြုလုပ်ခဲ့သော သန်းခေါင်စာရင်း အစမ်းကောက်ယူမှုအပြီး သင်ခန်းစာယူစရာများကို UNFPA က ပြုစုထားသောစာတမ်းတွင် မည်သည့်နိုင်ငံရေးနှင့် ပဋိပက္ခဖြစ်နိုင်ခြေကိုမှ ဖြေရှင်းဆောင်ရွက်မှု မပြုခဲ့ပေ။[17] အထူး သဖြင့် UNFPA က ထုတ်ပြန်သော နိုင်ငံရေးပြဿနာ ဖြစ်နိုင်ချေ အကဲဖြတ်အစီရင်ခံစာတွင် စိစစ်တင်ပြထားသည့် အထူးသတိထားစရာများကို သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်တွင်

[13] For further discussion of the Rakhine violence, see Crisis Group, "Myanmar Conflict Alert: Preventing communalbloodshed and building better relations", 12 June 2012; and Crisis Group Asia Report N°238, *Myanmar: Storm Clouds on the Horizon*, 12 November 2012.

[14] Laurent Zessler, head of UNFPA in Afghanistan, quoted in "Afghan census dodges questions of ethnicity and language", *The Guardian*, 3 January 2013.

[15] Internal UNFPA "status update" dated 5 May, appended to a letter dated 6 May from the UNFPA executive director to the UN Deputy Secretary-General.

[16] "2014 Population and Housing Census. Project Document", op. cit.

[17] The document noted in its executive summary that "some people have already developed negative notions, attitudes and perceptions about the census", but this was not mentioned in the body of the report, nor any consequences drawn from it. "Report on the implementation, experiences and recommendations of the pilot census, April 2013", UNFPA census adviser, May 2013.

စဉ်းစားဖြေရှင်းခြင်းမပြု သည့်အပြင်၊ ပေါ်ပေါက်လာနေသော နိုင်ငံရေး (သို့) ပဋိပက္ခ ပြဿနာဖြစ်နိုင်ချေများကို ထိထိရောက်ရောက် ခြေရာခံရန်နှင့် ပြဿနာလျှော့ချရေး အစီအမံများ၏ ထိရောက်မှုကို အကဲဖြတ်ရန် အကောင်အထည်ဖော်သော လုပ်ဆောင်မှုမျိုး မရှိခဲ့ပေ။ ရှင်းလင်းတင်ပြမှုများ ပြုလုပ်ရာတွင်လည်း UNFPA သည် ယင်းကဲ့သို့ အန္တရာယ်ဖြစ်နိုင်ချေများကို ကိုးကားရည်ညွှန်းမှု တစ်စုံတစ်ရာ မပြုလုပ်ခဲ့ပေ။[18]

စိတ်ချရသော အန္တရာယ်ဖြစ်နိုင်ချေလျှော့ချမှု မရှိခြင်းသည် အလှူရှင် နှစ်ဖွဲ့စလုံးက သန်းခေါင်စာရင်းအတွက် ရန်ပုံငွေထောက်ပံ့ရန် တာဝန်ယူထားမှုအပေါ် အစပိုင်းတွင် သတိကြီးကြီးထားခဲ့ကြခြင်း၏ အဓိကအကြောင်းရင်းများထဲမှ တစ်ချက်ဖြစ်သည်။[19] ရင်းမြစ်စုဆောင်းပြင်ဆင်ရေးကို အဓိကအာရုံစိုက်သော UN-FPA အဖွဲ့အတွင်း အဓိကစိုးရိမ်မှုမှာ ရန်ပုံငွေမရှိမှာကို ပူပန်ခြင်းဖြစ်ပြီး၊ အန္တရာယ်ဖြစ်နိုင်ချေလျှော့ချရေးကို အငယ်တန်း အလှူရှင်ဆက်ဆံရေးတာဝန်ခံများ လုပ်ဆောင်ရန် တာဝန်သတ်မှတ်ထားသည်။ အငယ်တန်း တာဝန်ခံများမှာ အရင်းအမြစ်များ အဆင်သင့်ဖြစ်အောင်သာ အာရုံပြုရန် ဖြစ်ပါသည်။[20] သန်းခေါင်စာရင်းကိစ္စသည် အဘယ့်ကြောင့် ကုလအထွေထွေအတွင်းရေးမှူးချုပ်၏ ဦးစားပေးဖြစ်နေသလဲဆိုသည်မှာ ရှင်းလင်း သဲကွဲမှု မရှိသလို ကုလသမဂ္ဂအဖွဲ့ ထိပ်ပိုင်းအလွှာထံမှ ဖြစ်စေ၊ နိုင်ငံရေးပိုင်း ရှု့ထောင့်မှဖြစ်စေ ထင်သာမြင်သာ ပိုမိုအလေးထားမှုမျိုး မတွေ့ရပါ။[21] သို့ဖြစ်ရာ အငြင်းပွားစရာလုပ်ငန်းစဉ်သည် ကုလသမဂ္ဂအဖွဲ့ အတွင်း၌ မြန်မာ့နိုင်ငံရေး ရှုတ်ထွေးမှုများကို ကိုင်တွယ်ရန် လူမှန်နေရာမှန်မဟုတ်သော အသေးစား နည်းပညာပိုင်းဌာန တစ်ခု ဖြစ်သည့် UNFPA ထံရောက်ရှိသွားလေသည်။

အလှူရှင်များအတွက် စိုးရိမ်ပူပန်စရာများရှိသည့်ကြားမှပင် လုပ်ငန်းစဉ်အတွက် ရန်ပုံငွေထောက်ပံ့မှု စတင်သည်နှင့် တစ်ပြိုင်နက် အန္တရာယ်ဖြစ်နိုင်ချေလျှော့ချရေး ဆွေးနွေးမည့် အဦးဆုံးဖိုရမ်သည် သန်းခေါင်စာရင်း အလှူရှင်အုပ်စု၏ ဖိုရမ် ဖြစ်သွားသည်။ ဖိုရမ်သည် အစပိုင်းတွင် အသက်မွေးဝမ်းကျောင်း၊ စီမံအုပ်ချုပ်မှု၊ ကျန်းမာရေး အစရှိသဖြင့် အလှူရှင်အပေါ်မူတည်ကာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပါဝင်လာခဲ့ပြီး ၎င်းတို့သည် လက်ရှိဌာနနှင့်အတူ ကြီးလေးသော လုပ်ငန်းအပြင် သန်းခေါင်စာရင်း

---

[18] For example, presentations by UNFPA census adviser to the Myanmar Information Management Unit/Information Management Group, Yangon, 2 September 2013; and to Peace Research Institute Oslo (PRIO) conference on elections and peace, Myanmar Peace Centre, Yangon, 13 September 2013.
[19] Crisis Group discussions with representatives of potential census donor countries, Yangon, June-October 2013; follow-up discussions with donor representatives and other relevant persons, Yangon, February-April 2014.
[20] See UNFPA Vacancy Announcement, "Programme Specialist (Census Donor Coordinator),Yangon, Myanmar, ICS-10(P-3)", Job ID 2242, June 2013.
[21] Crisis Group interviews, UN staff and other persons having direct knowledge of the situation, Yangon, January-March 2014.

စီမံချက်အတွက် တာဝန်ယူကြရသည်။[22] ၎င်းတို့အများစုသည် သန်းခေါင်စာရင်းနှင့်ဆိုင်သော ဖြစ်နိုင်ချေအန္တရာယ်များကို ဦးစားပေးလေ့လာသုံးသပ်ရန် အချိန်ကော ကျွမ်းကျင်မှုပါ မရှိကြပေ။ ၂၀၁၃ တစ်နှစ်လုံးတွင် အလှူရှင်သံရုံးအချို့သည် မြန်မာနိုင်ငံဆိုင်ရာ ပဋိပက္ခအကြံပေးများကို ပထမဦးဆုံး အကြိမ် စတင်ခန့်အပ်ကာ၊ နိုင်ငံရေးအကျပ်အတည်းနှင့် ပဋိပက္ခဖြစ်နိုင်ချေများကို ဦးစားပေးသုံးသပ်ခြင်းဖြင့် သန်းခေါင် စာရင်းလုပ်ငန်းစဉ်အတွက် တာဝန်ဝတ္တရားကို ပိုမိုလက်ခံယူခဲ့ကြသည်။ သို့ရာတွင် ဖြစ်နိုင်ချေ အန္တရာယ်များ၏ ထုထည် ကြီးမားမှုကို အနည်းငယ်သာ သိရှိကြ ပုံရကာ၊ ယင်းတို့ကို ဖြေရှင်းရာတွင် လိုအပ်မည့် ထိရောက်သော အစီအစဉ်များကို အကြံပြုရန် အာသီသ အနည်းငယ်သာ ရှိကြသောကြောင့် အန္တရာယ်များရှင်းလင်းရေးတွင် တွန်းအားသုံးရန် ပျက်ကွက် ခဲ့ကြသည်။[23]

၂၀၁၃ နှောင်းပိုင်းတွင် သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့များက ပြင်းထန်သော သတိပေးမှုများ စတင်ထုတ်ပြန် လာသည့်အလျှောက် ပြဿနာဖြစ်နိုင်ချေများ ထင်ရှားသည်ထက် ထင်ရှားလာသောအခါ အလှူရှင်အုပ်စုသည် စိုးရိမ် ပူပန်မှု ကြီးထွားလာသော်လည်း သန်းခေါင်စာရင်းကို ဆိုင်းငံ့ထားရန် ဖြစ်စေ၊ ငြိုလ်မွေသော မေးခွန်းများကို ဖယ်ရှားပေး ရန်ဖြစ်စေ၊ အကြံပြုဖို့ အဆင်သင့်မဖြစ်တော့သည့်အပြင် (အကြောင်းရင်းတစ်ခုမှာ ပုံစံစာရွက်များ ရိုက်နှိပ်ပြီးသော ကြောင့်ဟုဆိုကာ ကုန်ကျစရိတ်ကို ထောက်ပြ) ထိုအဆင့်တွင် UNFPA ကြီးမှူးသော ဖိုရမ်များမှလွဲ၍ အစိုးရနှင့် တိုက်ရိုက်တွေ့ဆုံမှု မရှိတော့ပေ။[24] အစိုးရအဖွဲ့ ကိုယ်တိုင်ကလည်း သန်းခေါင်စာရင်းကို ထိထိရောက်ရောက် ဆန့်ကျင် ကန့်ကွက်လှုပ်ရှားသည့် ရခိုင်အစွန်းရောက်များ၏ အစွမ်းအစနှင့် အခြားတိုင်းရင်းသားဒေသများ၏ ခံစားမှု အတိမ်အနက် တို့ကို လျှော့တွက်မိခဲ့ပုံရသည်။ လုပ်ငန်းစဉ်တွင် နိုင်ငံရေးအရင်းအနှီးနှင့် ရင်းမြစ်တို့ များများစားစား ရင်းနှီးမြှုပ်နှံမှု ရရှိထားရာ ပြဿနာ ဖြစ်နိုင်ချေ ထိထိရောက်ရောက် လျှော့ချရေး အစီအစဉ်များကို ပြင်းပြင်းထန်ထန် တွန်းအားပေးခြင်း မရှိပါက ထည့်သွင်း စဉ်းစားရန် လုံးဝ မဖြစ်နိုင်ပေ။ ၂၀၁၄ ဇန်နဝါရီလတွင် လူမျိုးနှင့် ကိုးကွယ်မှုဆိုင်ရာ မေးခွန်းများ ဖယ်ရှားရန် (သို့) မေးခွန်းများကို လွယ်ကူရိုးရှင်းအောင် ပြုလုပ်ရန် ဖြစ်နိုင်ချေကို သန်းခေါင်စာရင်း စီမံချက် နိုင်ငံတကာ နည်းပညာ အကြံပေးဘုတ်အဖွဲ့ (ITAB) သို့ တင်ပြခဲ့သော်လည်း ထိုသို့ မပြုလုပ်ရန် ထိထိရောက်ရောက် ကန့်ကွက်ခြင်း ခံရသည်။[25] ဘုတ်အဖွဲ့က အကြောင်းပြချက်ပေးရာတွင် ၎င်းမေးခွန်းများကို ဖယ်ရှားပါက အချို့အုပ်စုများ၏ စိုးရိမ်မှုကို တိုးစေနိုင်ပြီး၊

[22] Crisis Group discussions with representatives of donors throughout 2013 and in early 2014.
[23] Ibid.
[24] Crisis Group interviews, individuals having direct knowledge of the situation, Yangon, January-April 2014.
[25] Crisis Group interview, individual briefed on the meeting, Yangon, April 2014. The International Technical Advisory Board is a group of fourteen international technical and statistical experts on censuses, which first met in January 2013. Its terms of reference are technical, and do not include political or conflict risk issues, and none of its members have such expertise, nor country-specific expertise on Myanmar.

စာရင်းကောက်သူများနှင့် လူထုအကြား သို့လော သို့လော ရှုတ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုသည်။[26]

## IV. သတိပေးမှုများကို အလေးဂရု ပြုရန် ပျက်ကွက်ခြင်း

အမှားအယွင်းများသော လုပ်ငန်းစဉ်သည် နိုင်ငံရေးအကျပ်အတည်းနှင့် ပဋိပက္ခဖြစ်နိုင်ချေများကို သိမြင်မှု မရှိခြင်း၏ အကျိုးဆက်ဟု ပြော၍မရပါ။ ၂၀၁၃ အစောပိုင်းကပင် သီးသန့်သတိပေးမှုများ၊ ယုံကြည်လောက်သော သတိပေးမှုများ အကြိမ်ကြိမ်ထွက်ပေါ်လာခဲ့ပြီး ဖြစ်သည်။ ယင်းတို့မှာ UNFPA ကိုယ်တိုင် ထုတ်ပြန်သော နိုင်ငံရေး ပြဿနာဖြစ်နိုင်ချေ အကဲဖြတ် အစီရင်ခံစာပါ အကြံပေးမှုများ၊ သန်းခေါင်စာရင်း အစမ်းကောက်ယူမှုမှ သင်ခန်းစာများ၊ အဓိကသက်ဆိုင်သူများနှင့် အခြားသက်ဆိုင်သူများထံမှ သတိပေးမှု များပင် ဖြစ်သည်။

### (က) *UNFPA* ထုတ်ပြန်သော နိုင်ငံရေးပြဿနာဖြစ်နိုင်ချေ အကဲဖြတ်အစီရင်ခံစာ

၂၀၁၂ နိုဝင်ဘာတွင် UNFPA က သန်းခေါင်စာရင်း စီမံချက် စာတမ်းတွင် ပါဝင်သော အန္တရာယ် ဖြစ်နိုင်ချေ အကဲဖြတ်များနှင့် အန္တရာယ်ဖြစ်နိုင်ချေ လျှော့ချရေး အစီအစဉ်များကို လေ့လာ၊ သုံးသပ် ၊ မွမ်းမံထားသည့် နိုင်ငံရေး ပြဿနာများ ဖြစ်နိုင်ချေ အကဲဖြတ် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။[27] အသိအမှတ်ပြုထားသော မြန်မာ့ နိုင်ငံရေးနှင့် အကျပ်အတည်းရေးရာ ကျွမ်းကျင်သူ ဦးစီးသော ၂၀၁၃ ဖေဖော်ဝါရီ အပြီးသတ် အကဲဖြတ်အစီရင်ခံစာကို ၂၀၁၃ ဖေဖော်ဝါရီတွင် ထုတ်ပြန်ခြင်းဖြစ်သည်။[28] အစီရင်ခံစာတွင် သန်းခေါင်စာရင်း စီမံချက်စာတမ်းသည် နိုင်ငံတကာ အသိုင်း အဝိုင်းထံမှ စိတ်ချယုံကြည်မှု ရရှိစေမည့် သန်းခေါင်စာရင်းလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော အကောင်းဆုံး ဖြစ်ရပ်ခန့်မှန်း လမ်းပြမြေပုံတစ်ခုဖြစ်သည် ဟူသောအမြင်ကို ရည်ညွှန်းထားသည်။ အစီရင်ခံစာက ဆက်လက်၍ မြန်မာ နိုင်ငံကဲ့သို့ တိုင်းပြည်မျိုး၌ မျှော်လင့်ထားရမည့် အချက်အလက် စုဆောင်းသိမ်းဆည်းမှု အခက်အခဲများကို စစ်ဆေး နိုင်ရေးနှင့် လျှော့ချနိုင်ရေးတို့အတွက် အစီရင်ခံစာက ဖြည့်ဆည်းပေးထားသော်ငြားလည်း၊ နိုင်ငံရေးပြဿနာများကို ပိုမိုဦးတည်ထားသော မိမိတို့၏သုတေသန အစီရင်ခံစာတွင် သက်ဆိုင်ရာ Stake-holders များက တင်ပြထားကြသော ကိစ္စရပ်များနှင့် စိုးရိမ်စရာများစွာကို စီမံချက်စာတမ်းနှင့်

[26] Letter dated 3 May 2014 to Crisis Group from the UNFPA representative for Myanmar, responding to Crisis Group's preliminary findings that had been provided for comment.
[27] "Revised draft TOR for a consultant to conduct risk assessment and develop risk mitigation measures for the 2014 Population and Housing Census in Myanmar", UNFPA, November 2012.
[28] Mary Callahan and Tin Tin Nyunt, "Political Risk Assessment: Myanmar 2014 Population and Housing Census", February 2013.

အခြားတရားဝင်စာတမ်း နှစ်မျိုးစလုံးတွင် မဖြေရှင်းထား သလောက်ပင် ဖြစ်သည်ဟု ဖော်ပြထားသည်။[29] စိစစ်တင်ပြထား သော သီးခြားပြဿနာ ဖြစ်နိုင်ချေများမှာ-

- စီမံချက်စာတမ်းတွင် မှန်းဆထားသကဲ့သို့ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သည့် တိုင်အောင်၊ သန်းခေါင်စာရင်းရလာဒ်များကြောင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲ မှုလုပ်ငန်းစဉ်ကို မရေမရာဖြစ်မှု၊ ဘေးသင့်မှုတို့ ဖြစ်စေနိုင်သည့် အတော်အတန် ကြီးမားသော ဖြစ်နိုင်ချေရှိနေပြီး၊ အကြောင်းရင်းမှာ အဓိကအားဖြင့် လူမျိုးနှင့် ကိုးကွယ်မှုဆိုင်ရာ အထူးဂြိုလ်မွှေနိုင်သော မေးခွန်းများကြောင့် ဖြစ်ပါသည်။[30]
- မြန်မာနိုင်ငံ၌ လူမျိုးကိစ္စနှင့် ၂၀၀၈ အခြေခံဥပဒေကိစ္စတို့၏ နိုင်ငံရေးအကဲဆတ်သည့် သဘောသဘာဝ ကြောင့် သန်းခေါင်စာရင်း စီမံခန့်ခွဲမှုအစီအစဉ်ကို ပြောင်းလဲခြင်းမပြုပါက အခြေခံအကျဆုံး ကိန်းဂဏန်း စုဆောင်းသည့် သန်းခေါင်စာရင်း ကောက်ယူခြင်းမျှသာ ပြုလုပ်သည့်တိုင်အောင် ငြိမ်းချမ်းရေး စေ့စပ် ဆွေးနွေးမှုများကို နောက်ပြန်ဆွဲဖွယ်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အန္တရာယ်ပေးမည့် အလားအလာ ရှိသည်။[31]
- လူမျိုးနှင့်ဆိုင်သော ကိန်းဂဏန်းများနှင့် ပတ်သက်သည့် တင်းမာမှုများသည် တိုင်းရင်းသား အမျိုးသားရေးဝါဒီ များကို အားကောင်းသွားစေနိုင်ပြီး၊ လူမျိုးဆိုင်ရာအချက်အလက် ကောက်ယူမှုကြောင့် နေရာအချို့၌ အထူး သဖြင့်ဆိုရလျှင် ကချင်နှင့် ရခိုင်၌ လူဦးရေနှင့်ဆက်စပ်သော မလုံမခြုံစိုးရိမ်မှုများ ဖြစ်ပေါ်စေမည့် သီးခြား အန္တရာယ် တစ်ခုလည်း ရှိနေသည်။[32]

အကဲဖြတ်အစီရင်ခံစာတွင် နောက်ထပ်အကြံပြုထားသောအချက်မှာ သန်းခေါင်စာရင်းအစမ်းကောက်ယူမှုကွင်း ဆင်းဆောင်ရွက်ရာတွင် အရေအတွက် လျှော့ထားသော မေးခွန်းများဖြင့် ပြောင်းလဲ ပြင်ဆင်ထားသော စစ်တမ်းကို အသုံးပြုကာ အချက်အလက်အရည်အသွေးနှင့် နိုင်ငံရေးပြဿနာ ဖြစ်နိုင်ခြေများအပေါ် သက်ရောက်မှု ရှိသလား ဆိုသည် ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ထို့အပြင် မူလက စိတ်ကူးထားသလို သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် အားလုံးပါဝင် ဆင်နွှဲမှုကို မျှော်လင့်ကာ မြှင့်တင်နေခြင်းထက်၊ ပြည်နယ်ဒေသများ၏ စိုးရိမ်ပူပန်မှုများကို တာဝန်ယူကြောင်း သေချာစေရန်နှင့် လုပ်ထုံးလုပ်နည်းပြင်ဆင်မှု အဆင်ပြေ လွယ်ကူစေနိုင်ရန်အတွက် လှုံ့ဆော်စည်းရုံးမှု မဟာဗျူဟာကို အခြေခံကျကျ ပြန်လည် စဉ်းစား သုံးသပ်ရန် အကြံပြုထားသည်။[33]

[29] Ibid, p. 10.
[30] Ibid, pp. 30-32.
[31] Ibid, pp. 32-33.
[32] Ibid, pp. 31-32.
[33] Ibid, pp. 33-37.

အရေးကြီးဆုံးဟု ဆိုနိုင်သောအချက်မှာ ၂၀၁၃ စမ်းသပ်သန်းခေါင်စာရင်းတွင် ဖြစ်နိုင်ချေ အန္တရာယ်သုံးသပ်မှု လုပ်ငန်းစဉ် ထည့်သွင်းခြင်းနှင့် တိုင်ပင်နီးနှောစရာ အစမ်းစီမံချက်အလွန် သင်ခန်းစာများကို လိုက်နာထားသော လုပ်ငန်းစဉ်တို့ အပါအဝင် အန္တရာယ်ဖြစ်နိုင်ချေ လေ့လာဆန်းစစ်ခြင်းသည် တစ်ခေါက်စာလုပ်ငန်း မဟုတ်ကြောင်း သေချာမှုရှိစေရန်အတွက် အန္တရာယ်ဖြစ်နိုင်ချေ လေ့လာသုံးသပ်ရေး ဘုတ်အဖွဲ့ (သို့) လုပ်ငန်းစဉ်တစ်ခုကို ထူထောင် ဖွဲ့စည်းရန် အကြံပြုထားခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်ရာတွင် နောက်ထပ် လုပ်ထုံးလုပ်နည်းအသစ်များနှင့် စီမံအုပ်ချုပ်မှု အဖွဲ့သစ်များ မလိုအပ်ပါဟုလည်း ထောက်ပြထားသည်။[34]

နိုင်ငံရေးပြဿနာ ဖြစ်နိုင်ခြေ အကဲဖြတ်အစီရင်ခံစာကို UNFPA အကြီးတန်း စီမံခန့်ခွဲမှုအပိုင်းက ပယ်ချခဲ့သည်။[35] အထက်တွင် ဖော်ပြထားသော သော့ချက်ကျ အကြံပြုချက်များထဲမှ တစ်ခုမှ အကောင်အထည် ဖော်ခြင်းမရှိသလို၊ စီစစ်တင်ပြထားသော အလွန်ဆိုးဆိုးဝါးဝါး ပြဿနာဖြစ်နိုင်ချေများကို လျှော့ပါးစေမည့် စိတ်ချလက်ချ၊ ခိုင်ခိုင်မာမာ အစီအမံများကိုလည်း အဆိုပြုခြင်း မရှိခဲ့ပေ။[36]

(ခ) ၂၀၁၃ ဧပြီလ စမ်းသပ်သန်းခေါင်စာရင်း

၂၀၁၃ ဧပြီလ သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူမှု အပြီးတွင် UNFPA ကန်ထရိုက် လက်မှတ်ထိုးထားသော အတိုင်ပင်ခံ သုံးဦး ပူးပေါင်းပြုစုသော အန္တရာယ် ဖြစ်နိုင်ခြေ လျှော့ချရေး အစီရင်ခံစာတွင် ယခင် နိုင်ငံရေး ပြဿနာဖြစ်နိုင်ခြေ အကဲဖြတ်ချက်မှ စိုးရိမ်ပူပန်စရာ ကိစ္စရပ်အတော်များများကို ပြန်လည်တင်ပြထားသည်။[37] အထူး သဖြင့် နိုင်ငံရေးပြဿနာ ဖြစ်နိုင်ချေ လျှော့ပါးရေးနှင့် အချက်အလက် အရည်အသွေး တိုးတက်စေရေးအတွက် ပုံစံ စာရွက်ပေါ်မှ မေးခွန်းအရေအတွက်ကို အနည်းဆုံးဖြစ်အောင် လျှော့ချရန်နှင့် ၎င်းအစား အကဲဆတ်သော ကိစ္စရပ်များ နှင့် ပတ်သက်သော အချက်အလက်များ စုဆောင်းရန်အတွက် သန်းခေါင်စာရင်းအပြီး လေ့လာမှု စစ်တမ်းကောက်ယူသည့် နည်းကိုသုံးရန် အကြံပြုထားသည်။[38]

UNFPA သည် အန္တရာယ်ဖြစ်နိုင်ချေ လျှော့ပါးရေးအစီရင်ခံစာကို ပြုစုနေစဉ် တစ်ချိန်တည်းမှာပင် စမ်းသပ် သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် ဒုတိယအစီရင်ခံစာကိုပါ ရေးသားခဲ့သည်။[39] ပြဿနာဖြစ်နိုင်ချေ လျှော့ပါးရေး အစီရင်ခံစာမဟုတ်သဖြင့်၊ မည်သည့် နိုင်ငံရေး (သို့) ပဋိပက္ခပြဿနာဖြစ်နိုင်ချေကိုမှ

[34] Ibid, pp. 35-36.
[35] Crisis Group interview, Yangon, January 2014.
[36] The only recommended step that was actually taken was the pilot census observation and lessons learned exercise. However, this was ineffective given that the risk mitigation report was essentially quashed (see Section IV.B below).
[37] Mary Callahan, Christoph LeFranc, Nancy Stiegler, "Documentation of risk mitigation report. 2013 Pilot Census, Myanmar", UNFPA, May 2013.
[38] Ibid, pp. 9, 21.
[39] "Report on the implementation, experiences and recommendations of the pilot census", op. cit.

စိစစ်တင်ပြ ခြင်းမပြုပဲ၊ ထိုအစား နည်းပညာပိုင်း စိန်ခေါ်မှုများကို အဓိကဦးတည် သုံးသပ်ထားသည်။ အဆိုပါ နည်းပညာပိုင်း သက်သက် အစီရင်ခံစာသည် အလှူရှင်များနှင့် သက်ဆိုင်ရာအဖွဲ့များ၏ ၂၀၁၃ မေလ အလုပ်ရုံဆွေးနွေးပွဲတွင် စမ်းသပ်သန်းခေါင်စာရင်း အတွေ့အကြုံ နှင့် ပတ်သက်သည့် အခြေခံအကြောင်းအရာ ဖြစ်ခဲ့ပြီး၊ ပြဿနာဖြစ်နိုင်ချေ လျှော့ပါးရေး အစီရင်ခံစာကိုမူ တက်ရောက် လာသူများအား ချက်ခြင်းဖြန့်ဝေပေးခြင်း မရှိသလို ပြုစုသူ အတိုင်ပင်ခံများကိုလည်း တွေ့ရှိချက်များတင်ပြရန် အလုပ်ရုံ ဆွေးနွေးပွဲတွင် တောင်းဆိုမှု မရှိခဲ့ပေ။[40]

အလှူရှင်များ၊ ကုလသမဂ္ဂနှင့် အစိုးရတို့ လစ်လျူရှုရန် မဖြစ်နိုင်သည့် နိုင်ငံရေးပြဿနာ ဖြစ်နိုင်ချေများ၏ ပြင်းထန်မှု အတိုင်းအတာကို ပြဿနာဖြစ်နိုင်ချေ လျှော့ပါးရေးအစီရင်ခံစာအပြင် စမ်းသပ်သန်းခေါင်စာရင်း ကလည်း ထပ်မံ ညွှန်ပြလျက် ရှိသည်။ ကနဦး အစမ်းကောက်ယူရာ၌ ရခိုင်ပြည်နယ်တွင် ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်း ယာယီ ဒုက္ခသည်စခန်းများတွင် အများစုရှိနေသည့် ရိုဟင်ဂျာမွတ်ဆလင်လူဦးရေကို ရေတွက်ရာတွင် ကြုံနိုင်သည့် အခက်အခဲ များကို စမ်းသပ်ရန် အခွင့်အရေးမရနိုင်သည့် စစ်တွေမြို့ဗုဒ္ဓဘာသာဝင်များ နေထိုင်သော ရပ်ကွက်များ၌[41] ကိုယ်စားပြု လုပ်ဆောင်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ၂၀၁၃ ဧပြီလစမ်းသပ်သန်းခေါင်စာရင်းအပြီးတွင် အိုးအိမ်မဲ့ မွတ်ဆလင် အသိုင်းအဝိုင်း များ ရှိသောနေရာ၌ ထိုနှစ်သြဂုတ်လတွင် နောက်ဆက်တွဲ အစမ်းကောက်ယူမှု ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ အိုးအိမ်မဲ့ အသိုင်းအဝိုင်းများ အတွက်သာမကပဲ လူသားချင်းစာနာကူညီမှု စီမံချက်များအတွက်ပါ လုံခြုံမှုဆိုင်ရာ စိုးရိမ်စရာ များ ဖြစ်ပေါ်စေပြီး တင်းမာမှုများကို ထပ်မံလှုံ့ဆော်ပေးဖွယ် ရှိသည်ဟူသော အချက်အပါအဝင် "ဆိုးဆိုးဝါးဝါး ဖြစ်နိုင်ချေ အန္တရာယ်လက္ခဏာသဘော တုန့်ပြန်ရိုက်ခတ်မှုများ" နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုထားသော Sittwe Protection Working Group ထံသို့ ၎င်း အဆိုပြုချက်ကို UNFPA က တင်ပြခဲ့သည်။[42] လူမျိုး၊ ကိုးကွယ်မှု၊ နိုင်ငံသားအဆင့်၊ နေရာတို့နှင့်ဆိုင်သော မေးခွန်းများသည် အထူးသဖြင့် အကဲဆတ်သည်ဟု ရှုမြင်သတ်မှတ်ကြသည်။[43] လူသားချင်းစာနာကူညီမှု အသိုင်းအဝိုင်းထံမှ တုန့်ပြန်မှုကို အကြောင်းပြုကာ၊

[40] The workshop was held on 25 May 2013 at Sedona Hotel, Yangon. The final risk mitigation report was only submitted after the workshop. Crisis Group interviews, Yangon, January and April 2014.
[41] That is, Nar Yi Kan village tract.
[42] "Sittwe Protection Working Group meeting minutes", 11 July 2013. The working group is made up of representatives of UN/international non-governmental organisations with humanitarian operations in Rakhine State.
[43] "Feedback on census forms and procedures", Sittwe Protection Working Group, 23 August 2013. Location was seen as potentially sensitive for those in camps for internally displaced persons (IDPs) because it might raise confidentiality concerns about IDP status, and could create the impression that the camps were not a temporary measure.

UNFPA က "အစမ်းကောက်ယူမှုကို ဖျက်သိမ်းကြောင်း တင်းမာမှု ဖန်တီးနိုင်သည့် အလားအလာရှိသည်ကို သဘောတူကြောင်း" Sittwe Protection Working Group ထံသို့ မရေးမနှောင်း အကြောင်းပြန်ခဲ့သည်။[44]

လုံခြုံရေး စိုးရိမ်စရာများကြောင့် ရခိုင်ပြည်နယ်၌ သန်းခေါင်စာရင်းအစမ်းကောက်ယူမှု ဖျက်သိမ်း လိုက်ရခြင်းသည် UNFPA နှင့် အလှူရှင်များအား ယင်းကဲ့သို့ ဆိုးဆိုးဝါးဝါး အန္တရာယ်ဖြစ်နိုင်ချေများနှင့် အချိုးအစားညီသော အဓိက ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း နှိုးဆော်သည့် သတိပေးခေါင်းလောင်း ဖြစ်သင့်ပေသည်။ သို့သော် ဖြစ်မလာခဲ့ပါ။ UNFPA သည် ၎င်း၏ ပြဿနာဖြစ်နိုင်ချေ လျှော့ပါးရေး မဟာဗျူဟာပါ နိုင်ငံရေးနှင့် အကျပ်အတည်းဆိုင်ရာ ကိစ္စရပ်များကို ကိုးကားစဉ်းစားခြင်းမပြုပဲ ဆက်လက်ရှောင်လွှဲခဲ့သလို အလှူရှင်များကလည်း အဓိကအပြောင်းအလဲ ပြုလုပ်ရေး မှန်သမျှ ကို ဘေးဖယ်ထားခဲ့ကြသည်။[45] ၎င်းတို့ ပြုလုပ်ခဲ့ကြသော ဆောင်ရွက်ချက်များမှာ လုပ်ထုံးလုပ်နည်းဆိုင်ရာများ-အောင်မြင်မှုနည်းပြီး နောက်ကျလွန်းသော (၂၀၁၄ ဇန်နဝါရီလတွင်) လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် အရေးပေါ် အစီအစဉ် ရေးဆွဲရေး အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊ UNFPA ထံ ဖြန့်ဝေပြီး အစိုးရထံ ပေးပို့ခြင်းမပြုသော 'သန်းခေါင်စာရင်း စီမံချက် အသေးစိတ်' (၂၀၁၄ ဇန်နဝါရီလတွင် နောက်တစ်ကြိမ်) ကို အလှူရှင်များ၏ ပဋိပက္ခဆိုင်ရာ အကြံပေးအဖွဲ့က ပြုစုခြင်း တို့သာဖြစ်သည်။[46]

(ဂ) အဓိကသက်ဆိုင်သူ *Stakeholders* များထံမှ သတိပေးမှုများ

၂၀၁၃ နှစ်ဝက်သို့ ရောက်လာသောအခါ သန်းခေါင်စာရင်းလုပ်ငန်းစဉ် ရှေ့ဆက်သွားနေသော လမ်းကြောင်းတွင် ဆိုးဆိုးဝါးဝါး ခြေခြေမြစ်မြစ် အန္တရာယ်ဖြစ်နိုင်ချေများ ရှိနေပြီဟူသောအချက်မှာ မြန်မာနိုင်ငံမှ လူသားချင်း စာနာကူညီမှု အသိုင်းအဝိုင်းအတွင်း ပိုမိုသဲကွဲလာခဲ့သည်။ အထူးသဖြင့် ကချင်ပြည်နယ်တွင် စိုးရိမ်စရာများ ရှိနေပြီး ရခိုင်ပြည်နယ်တွင် ပို၍ပင်များသည်။ အဆိုပြုထားသော စမ်းသပ်သန်းခေါင်စာရင်းကိစ္စကို အကြောင်းပြု၍ ယင်းစိုးရိမ်ပူပန် စရာများကို UNFPA ထံ အသိပေးခဲ့ကြသည်။ (အခန်း ၄ (ခ) တွင် ကြည့်ပါ) ၎င်း စိုးရိမ်ပူပန်စရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန် UNFPA အနေဖြင့် လိုလိုလားလားမရှိဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ အဖွဲ့အတွင်း၌ ယူဆမှုရှိသည်။ ယင်းတို့ကို ထုတ်ဖော်တင်ပြလိုက်ပါက သန်းခေါင်စာရင်းလုပ်ငန်းသည်

[44] UNFPA feedback to the Sittwe Protection Working Group, 11 February 2014.
[45] In meetings of donor conflict advisers in late 2013, the possibility of postponing the census, or making changes that would have required amending the questionnaire, were ruled out. Crisis Group interviews, individuals having knowledge of the meetings, Yangon, January-April 2014.
[46] Ibid.

အထွေထွေအတွင်းရေးမှူးချုပ်၏ ဦးစားပေး ဖြစ်သောကြောင့် ပံ့ပိုးအားပေးရန်အတွက် ကုလသမဂ္ဂစနစ်တစ်ခုလုံး လုပ်ဆောင်ရမည့် ဝတ္တရားရှိသည်ဟု အေဂျင်စီများ အား ပြောကြပေလိမ့်မည်။[47]

UNFPA ကလည်း ၂၀၁၃ ဧပြီလတွင် လူမျိုးဆိုင်ရာမေးခွန်းနှင့် နိုင်ငံသား မှတ်ပုံတင်ကဒ် ကိုးကားမှု တို့ကို ဖယ်ရှားခြင်း၏ ကောင်းကွက်များကို အကြီးတန်းတာဝန်ရှိသူများထံ အလေးထားတင်ပြခဲ့ကြောင်း၊ ၂၀၁၃ မေလ အလုပ်ရုံ ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စာရင်းကို ကိုးကားအသုံးပြုခြင်း၏ ပြဿနာများကို တိုက်ရိုက်ဆွေးနွေး ပြောဆိုခဲ့ကြောင်း အခိုင်အမာပြောကြားသည်။[48] သို့ရာတွင် ၂၀၁၄ ဇန်နဝါရီလ ၂၄ ရက်က ITAB အစည်းအဝေးအပြီး UNFPA က ကြေညာချက် ထုတ်ပြန်သောအခါ အဆိုပါ စိုးရိမ်စရာ ကိစ္စရပ်များကို တင်ပြထားသည့် လက္ခဏာ လုံးဝမရှိပေ။ ကြေညာချက်အရ ITAB သည် ကြိုတင်ပြင်ဆင်မှု အနေအထားအပေါ် များစွာ ကျေနပ်၊ နှစ်သိမ့်မှု ရှိကြောင်း တွေ့ရှိရပြီး၊ UNFPA ကလည်း လူမျိုးနှင့်ဆိုင်သော အကြောင်းအရာများ ကိုင်တွယ်ပုံနည်းလမ်းကို ထိုအချိန်အထိ ထောက်ခံအားပေးခဲ့သည့် သဘောပင်ရှိသည်။[49] လုပ်ငန်းစဉ်တစ်ခုလုံး ပြဿနာမရှိဟု ထင်မြင်စေရန်အလို့ငှာ UNFPA သတင်းထုတ်ပြန်ချက် တွင် နိုင်ငံရေးပြဿနာ ဖြစ်နိုင်ချေအပေါ် သတိပေးချက် တစ်စုံတစ်ရာ မပါဝင်ဘဲ၊ စာရင်းအင်းပိုင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်တို့၏ နည်းပညာပိုင်း အကဲဖြတ်ချက်ကိုသာ ထည့်သွင်းထားသည်။

၂၀၁၃ နှစ်ကုန်ပိုင်းနှင့် ၂၀၁၄ အစောပိုင်း တစ်လျှောက်လုံး မတူကွဲပြားသော ဆိုင်ရာဆိုင်ရာ Stakeholders အသီးသီးက ထပ်ကာထပ်ကာ သတိပေးချက်များကို ထုတ်ပြန်ခဲ့ကြသည်။ ၂၀၁၃ ဒီဇင်ဘာ ၁၆ တွင် UNFPA သို့ လိပ်မူ ကာ အစိုးရနှင့် အလှူရှင်နိုင်ငံများထံ မိတ္တူဝေသော ပေးစာတစ်စောင်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အရေးပါဆုံး လက်နက်ကိုင်အုပ်စုများနှင့် သော့ချက်ကျ လက်နက်ကိုင်အုပ်စု ညွန့်ပေါင်း နှစ်ဖွဲ့တို့ အပါအဝင် တိုင်းရင်းသား၊ ဘာသာရေး နှင့် အရပ်ဖက်လူမှုဆိုင်ရာအဖွဲ့အစည်း ၃၁ ဖွဲ့တို့က ပေးပို့ခဲ့ကြသည်။[50] ၆၅ နှစ်ကြာ ပြည်တွင်းစစ်ကြောင့် သန်းခေါင် စာရင်းလုပ်ငန်းစဉ်တွင် ယုံကြည်စိတ်ချမှုတည်ဆောက်ရန် အလှမ်းဝေးနေသည့် အခြေအနေအချိန်အခါမျိုးတွင် စီစဉ် နေသောလုပ်ငန်းစဉ်၏ မှန်ကန်ဆီလျော်မှုရှိရမည့် လမ်းကြောင်းပေါ်တွင် တိုင်းပြည်လူဦးရေ၏ စုစုပေါင်း ၄၀

[47] Crisis Group interviews, several individuals with knowledge of the meetings, Yangon, January-April 2014.
[48] Letter dated 3 May 2014 from UNFPA to Crisis Group, op. cit.
[49] "ITAB gives thumbs up to census preparations in time for Myanmar census", UNFPA press release, Naypyitaw, 24 January 2014.
[50] Letter dated 16 December 2013 to the UNFPA representative in Myanmar, copied to the Myanmar immigration minister and the Peace Donor Support Group. Signatories included the three leading ethnic armed groups in the peace process (that is, the Karen National Union, the Restoration Council of Shan State/Shan State Army-South and the New Mon State Party) and the two ethnic alliances (United Nationalities Federal Council and Working Group for Ethnic Coordination), as well as thirteen other ethnic armed groups and thirteen ethnic political and assistance organisations.

ရာခိုင်နှုန်းမျှ ရှိသော တိုင်းရင်းသား အသိုင်းအဝိုင်း၏ ဦးဆောင်ကဏ္ဍ မပါဝင်ကြောင်း ပေးစာတွင် ဖော်ပြထားသည်။

အဆိုပါပေးစာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သန်းခေါင်စာရင်း၏ ရိုက်ခတ်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း၊ အသုံးပြုထားသော လူမျိုး အမျိုးအစား သတ်မှတ်မှုစနစ်နှင့် ပတ်သက်၍ များစွာသံသယရှိကြောင်း အလေးပေး ဖော်ပြထားပြီး၊ တိုင်းရင်းသားအသိုင်းအဝိုင်းအများစုက ၎င်းတို့ လူဦးရေကို ကိုယ်တိုင် ကောက်ယူရန် ကြိုးစားလျက်ရှိရာ ၎င်းတို့၏ ကိန်းဂဏန်းနှင့် သန်းခေါင်စာရင်းကိန်းဂဏန်း ကိုက်ညီမှု မရှိပါက တင်းမာမှုများ ပေါ်ပေါက်လာနိုင်ကြောင်း ထောက်ပြထားသည်။ ပိုမိုအရေးပါသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ၂၀၁၅ ရွေးကောက်ပွဲများရှိနေပါလျက်နှင့် ၂၀၁၄ တွင် သန်းခေါင်စာရင်းကောက်ယူသည့် အကြံဉာဏ်ကိုလည်း မေးခွန်းထုတ်ထားသည်။ ၎င်းပေးစာကို တုန့်ပြန်သည့် အနေဖြင့် ဒီဇင်ဘာ ၃၀ ချင်းမိုင်တွင် အစိုးရ၊ UNFPA နှင့် တိုင်းရင်းသား ခေါင်းဆောင်များအကြား ၃ နာရီကြာ အစည်း အဝေး ကျင်းပခဲ့သည်။ အစည်းအဝေးတွင် UNFPA နှင့် အစိုးရတို့၏ ရှည်လျားထွေပြားသော နည်းပညာပိုင်း တင်ပြမှု ပါဝင်၍ တိုင်းရင်းသားကိုယ်စားလှယ်များ၏ စိုးရိမ်စရာကိစ္စများ တင်ပြရန် အချိန်မကျန်သလောက် ဖြစ်ကာ၊ ဆွေးနွေးမှု မပြုနိုင်တော့သည့်အပြင် လုပ်ငန်းစဉ်အပေါ် မည်သို့သော ပြင်ဆင်မှုကိုမဆို ပြုလုပ်ရန် နောက်ကျလွန်းသွားပြီ ဟူသော အချက်ကို သဲသဲကွဲကွဲ ဖြစ်အောင် ပြုလုပ်သွားခဲ့ကြသည်။[51]

အစည်းအဝေးပြီး မရှေးမနှောင်းတွင် တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှု အသင်းအဖွဲ့များက သန်းခေါင်စာရင်း လုပ်ငန်းစဉ်ကို ပြင်ဆင်ရန် (သို့) ဆိုင်းငံ့ရန် တောင်းဆိုထားကာ၊ တိုင်းရင်းသား ပြည်နယ်ဒေသများနှင့် မည်သို့သောတိုင်ပင်မှုမှ မပြုလုပ်ခြင်းအပါအဝင် လူမျိုးဆိုင်ရာမေးခွန်းနှင့် ခွဲခြားသတ်မှတ်ပုံတို့ အပေါ် အထူးသဖြင့် စိုးရိမ်မကင်းဖြစ်ကြောင်း ဖော်ပြထားသော ပေးစာအမြောက်အများကို အစိုးရ၊ UNFPA နှင့် အလှူရှင် နိုင်ငံများထံ လိပ်မူရေးသား ပေးပို့ခဲ့ကြသည်။[52] တရားဝင်မှတ်ပုံတင်ထားသော တိုင်းရင်းသား နိုင်ငံရေးပါတီများ ပေါင်းစည်း ထားသော ညွှန့်ပေါင်းအဖွဲ့က သန်းခေါင်စာရင်းတွင် လူမျိုးအကြောင်းအရာကို ကိုင်တွယ်ပုံနည်းလမ်းသည် တိုင်းရင်းသား အုပ်စုများအကြား သွေးကွဲမှုကို ဖန်တီးလိမ့်မည်ဟု ဖေဖော်ဝါရီလ ၂ ရက်တွင် ထုတ်ပြန်ကြေညာပြီး၊ တိုင်ပင်နှီးနှောမှုမှ တဆင့် လုပ်ငန်းစဉ်ကိုပြင်ဆင်ရန် တောင်းဆိုခဲ့ကြသည်။[53] ဦးဆောင်သော

[51] Crisis Group interviews, ethnic leaders and others involved in the meeting, December 2013-January 2014; and minutes of the meeting prepared by one ethnic organisation that attended.
[52] For example, "Joint statement by ethnic organizations on the 2014 census" (in Burmese), Yangon, 17 February 2014 (signed by 32 ethnic civil society organisations); "Statement by Kachin civil society organisations concerning the 2014 Myanmar Population and Housing Census", 9 March 2014 (signed by 29 Kachin civil society organisations).
[53] "Statement by the Nationalities Brotherhood Federation", Naypyitaw, 2 February 2014.

ကချင်တက်ကြွလှုပ်ရှားသူတစ်ဦးက "သန်းခေါင်စာရင်းလုပ်ငန်းစဉ် အခုပုံစံအတိုင်း ရှေ့ဆက်မတိုးစေဖို့အတွက် ကျွန်တော်တို့ ကြိုတင်ပြင်ဆင် နေပါတယ်" ဟု ပြောကြားခဲ့သည်။[54]

ယင်းအခြေအနေသည် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးအား တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးမှုကို တိုးမြှင့်စူးစိုက်လာစေသည်။ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကဏ္ဍမှ ပါဝင်ခြင်း ကြောင့် တစ်စိတ်တစ်ပိုင်း တိုးပွားလာသော နိုင်ငံရေး အရှိန်အဝါကို ဖြန့်ကျက်ခြင်းအားဖြင့်၊ တိုင်းရင်းသားခေါင်းဆောင် အများစု စိတ်မချလက်မချ ဖြစ်နေသည့်ကြားမှပင် သန်းခေါင်စာရင်းလုပ်ငန်းတွင် ပါဝင်လာအောင် စည်းရုံးခဲ့သည်။ နိုင်ငံတစ်ဝှမ်း ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်နီးနှောမှုအဖြစ် နောက်ဆုံးမိနစ်ပိုင်းရောက်မှ တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ပတ်သက်လာသည့် သွင်ပြင်လက္ခဏာရှိနေပါလျက်နှင့် UNFPA က "တိုင်းရင်းသားအုပ်စုအများစုသည် သန်းခေါင် စာရင်းလုပ်ငန်းစဉ်တွင် ပါဝင်ရန် ဆန္ဒပြင်းပြကြသည်" ဟု မှတ်ချက်ပေးထားခြင်းမှာ ငြင်းခုန်ချင်စရာ ကောင်းလှပေ သည်။[55]

၂၀၁၄ ဖေဖော်ဝါရီလ ၂၀ တွင် ရခိုင်ပြည်နယ်မှ လူဝင်မှုကြီးကြပ်ရေး ပြည်နယ်ဦးစီးမှူး က "ပြည်နယ် အတွင်း သန်းခေါင်စာရင်းကောက်ရာတွင် ကြုံရမည့် အဓိကစိန်ခေါ်မှုမှာ လူမျိုးအမည်ကို မည်သို့စာရင်းသွင်းမလဲဟူသော မေးခွန်း ဖြစ်သည်" ဟု UNFPA သို့ ပြောကြားခဲ့သည်။ ပြဿနာများ ရှိနေသည်ကို ကြိုတင် သိမြင်ထားခြင်းကြောင့် "အကယ်၍ တစ်စုံတစ်ရာ ပြဿနာပေါ်လာပါက ပိုမိုကြီးမားသော ပြဿနာများကို ရှောင်ရှားရန် အလို့ငှာ သန်းခေါင်စာရင်း ကောက်ယူမှုများကို ရပ်ဆိုင်းရန် အစိုးရက ကြိုတင်ပြင်ဆင်ထားသည်" ဟု ၎င်းက အသိပေး ပြောဆိုသည်။[56]

အလားတူပင် Crisis Group ကလည်း သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် ပြဿနာဖြစ်နိုင်ချေ သတိပေး နှိုးဆော်မှု အစီရင်ခံစာကို ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု လုပ်ဆောင်နေသော အရေးကြီးသည့် အခိုက်အတန့်တွင် သန်းခေါင်စာရင်း ကြောင့် တင်းမာမှုများ ကြီးထွားလာမည့် အလားအလာရှိကြောင်း ဖော်ပြထားပြီး၊ အဓိကကျသော လူဦးရေဆိုင်ရာ မေးခွန်းများကိုသာ ရွေးချယ် ကောက်ယူဖို့ အရေးပေါ်ပြင်ဆင်ရန်နှင့် မလိုအပ်ပဲ ရန်ပွား၊ အငြင်းပွားစေမည့် လူမျိုး၊ ကိုးကွယ်မှု၊ နိုင်ငံသားအဆင့်အတန်း ဆိုင်ရာ မေးခွန်းများကိုမူ ပိုမိုဆီလျော်သည့် ကာလတစ်ခုသို့ ရွှေ့ဆိုင်းထားရန် တိုက်တွန်းထားသည်။[57] ထို့နောက် Transnational Institute က ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော အသေးစိတ်အစီရင်ခံစာတွင်လည်း အလားတူ စိုးရိမ်ပူပန်စရာ

[54] See "Ethnic groups resist census, object to question of ethnicity", *Democratic Voice of Burma*, 18 February 2014.
[55] These claims were made in its 3 May letter to Crisis Group, and in its 6 May letter to the UN Deputy Secretary-General.
[56] Note of the meeting, Sittwe, 20 February 2014.
[57] "Myanmar Conflict Alert: A Risky Census", Crisis Group, 12 February 2014.

ကိစ္စရပ်များကို တင်ပြခဲ့သည်။[58] ပြဿနာရှာမည့်မေးခွန်းများ ဖြုတ်ချရေးကို စဉ်းစားရန် အစိုးရကို အခြားသူများက ဝိုင်းဝန်း အကြံပြုနေကြချိန်တွင် အနည်းဆုံး အဓိကအလှူရှင်တစ်ဖွဲ့က သန်းခေါင်စာရင်းကို ရွှေ့ဆိုင်းရန် (သို့) ထိထိရောက်ရောက် ပြင်ဆင်ရန် မလိုဟူသော သဘောထားကို ထိုအချိန်ထိအောင် ဆက်လက် ကိုင်စွဲထားခဲ့ သည်။[59]

## V. ပေးဆပ်ရမည့် တန်ဖိုးများကို တွက်ချက်ခြင်း

၂၀၁၃ ဖေဖော်ဝါရီလက လုပ်ဆောင်သော UNFPA ၏ နိုင်ငံရေးအရ ကြုံတွေ့ရနိုင်သည့် အကဲဖြတ်ခြင်းတွင် ဖော်ပြ ထားသော လုံးဝအလေးအနက်ထားရမည့် သတိပေးချက်များနှင့်ပတ်သက်၍ အကြိမ်ကြိမ်သတိပေးခြင်း၊ ကျယ်ကျယ် လောင်လောင် သတိပေးခြင်းများကို ထိုစဉ်ကတည်းက စတင်လုပ်ဆောင်ခဲ့သော်လည်း ကံမကောင်းအကြောင်းမလှစွာပင် အမှန်တကယ်ဖြစ်ပျက်လာပါသည်။ သန်းခေါင်စာရင်း ကောက်ယူမှုကို အကောင်အထည်ဖော်သည့် နည်းလမ်းသည် ပဋိပက္ခကို ပိုမိုဖြစ်ပေါ်စေပါသည်။ အလေးအနက်ထားရမည့် လူသားချင်းစာနာမှုဆိုင်ရာ အကျိုးဆက်များ ဖြစ်နိုင်ပါသည်။ ယခုလို အရေးကြီးပြီး ထိလွယ်ရှလွယ် အချိန်မျိုးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်လည်း သက်ရောက်မှုများ ရှိပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ခန့်မှန်းခဲ့ကြသည့်အတိုင်းပင် အနတ်လက္ခဏာဆောင်သော သက်ရောက်မှုအများဆုံး ပထဝီဆိုင်ရာ နယ်မြေနှစ်ခုမှာ ရခိုင်ပြည်နယ် နှင့် ကချင်ပြည်နယ် ဖြစ်ပါသည်။ အဆိုပါ ပြည်နယ်များမှာ တိုင်းရင်းသားနှင့်ဆိုင်သော အချက်အလက်ကောက်ယူပုံနည်းလမ်းနှင့် ဘာသာရေးနှင့် ပတ်သက်သော မေးခွန်းတို့ကြောင့် တိုက်ရိုက်သက်ရောက် မှု၏ ရလဒ်ဖြစ်ပါသည်။ ဤသက်ရောက်မှုများမှာ ရှောင်လွှဲ၍မရနိုင်ပေ။ ၎င်းတို့မှာ လုပ်ငန်းစဉ်တွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို နည်းမှန်လမ်းမှန် ထည့်သွင်းစဉ်းစားမှုမရှိခြင်း သတိပေးမှုများနှင့် အန္တရာယ်လက္ခဏာများကို လစ်လျူရှု ခြင်းတို့ကြောင့် ရင်ဆိုင်လာရသည့် အကျိုးဆက်များ ဖြစ်ပါသည်။

### (က) ရခိုင်ပြည်နယ်တွင် နိုင်ငံရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှုများ

သန်းခေါင်စာရင်းကောက်ယူမှု နီးကပ်လာချိန်တွင် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနဝန်ကြီးက မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် ၎င်းတို့၏ တိုင်းရင်းသားလူမျိုးအမည်ကို ကိုယ်ပိုင်သတ်မှတ်ရန် လွတ်လပ်စွာ

[58] "Ethnicity without meaning …", op. cit.
[59] This was made clear to Crisis Group in discussions with donors following the release of its conflict alert.

ခွင့်ပြုမည်ဟု UNFPA သို့ ကတိပြုခဲ့ပါသည်။[60] ရိုဟင်ဂျာ မွတ်ဆလင်အသိုင်းအဝိုင်းအနေဖြင့် ထိုသို့ ဖော်ထုတ် ခွင့်ရနိုင်သည့် အလားအလာသည် ရခိုင်နိုင်ငံရေးအဝန်းအဝိုင်းနှင့် ကျယ်ပြန့်သော ရခိုင်အသိုင်းအဝိုင်းကြားတွင် အချက်ပေးနှိုးစက်သံမြည်စေသော အကြောင်း ဖြစ်ပါသည်။ ၂၀၁၄ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဆေးပစ္စည်းနှင့်ဆိုင်သော အကူအညီပေးနေသော အကြီးဆုံးအေဂျင်စီဖြစ်သည့် Medecins Sans Fortieres (ဟော်လန်) ကို အစိုးရက ၎င်းတို့လုပ်ငန်းများ ပိတ်သိမ်းရန် ပြောကြားခဲ့ပါသည်။ အကြောင်းမှာ ရခိုင်ပြည်နယ်မှ မွတ်ဆလင် ရိုဟင်ဂျာ လူနည်းစုအပေါ် မျက်နှာသာပေးဘက်လိုက်ကြောင်း စွပ်စွဲချက်ကြောင့်ဟုဆိုကာ ရခိုင်ပြည်နယ်မှ ၎င်း၏ လုပ်ဆောင်နေမှုများကိုလည်း ပိတ်သိမ်းစေခဲ့ပါသည်။[61] ရခိုင်အာဏာပိုင်များက မီဒီယာများသို့ ပြောကြားရာတွင် ထိုသို့ဆုံးဖြတ်ရခြင်း ၏ နောက်ကွယ်မှ အကြောင်းရင်းတစ်ခုမှာ သန်းခေါင်စာရင်းကြောင့် လူမျိုးရေးအကြမ်းဖက်မှုများ ချက်ခြင်းဖြစ်လာနိုင် သည်ကို စိုးရိမ်၍ဖြစ်သည်ဟု ဆိုပါသည်။[62] New York Times မှ ဖော်ပြထားရာတွင် အဆိုပါအေဂျင်စီကို ပိတ်ပင် လိုက်ပြီးနောက် ပထမနှစ်ပတ်အတွင်း၌ပင် ရိုဟင်ဂျာ (၁၅၀) ခန့် သေဆုံးခဲ့ရကြောင်း ဖော်ပြခဲ့ပါသည်။[63]

မတ်လ (၁၆) ရက်နေ့တွင် ရခိုင်ပြည်နယ် (၉) မြို့နယ်၌ ရိုဟင်ဂျာများအား ၎င်းတို့ ကိုယ်တိုင်သတ်မှတ်ပိုင်ခွင့်ပေးရန် အလားအလာကို ဆန့်ကျင်လျက် ဆန္ဒပြပွဲများ ကျင်းပခဲ့ပါသည်။ '၉၆၉' လှုပ်ရှားမှုများကို ဦးဆောင်သည့် ရယ်ဒီကယ် မြန်မာအမျိုးသားရေးဝါဒီ ဘုန်းတော်ကြီး ဦးဝီရသူသည် ဆန္ဒပြပွဲတစ်ခုသို့ သွားရောက်ခဲ့ပါသည်။ အဆိုပါ ဆန္ဒပြပွဲများတွင် ၎င်းတို့ရည်ရွယ်ချက်များ မအောင်မြင်သောကြောင့် သန်းခေါင်စာရင်း သပိတ်မှောက် အစီအစဉ်များ စတင်ခဲ့ပါသည်။[64]

သပိတ်မှောက်ရန်စည်းရုံးမှု အရှိန်များမြင့်တက်လာပြီး မတ်လ ၂၆-၂၇ ရက်နေ့များတွင် ရခိုင်ပြည်နယ် မြို့တော် စစ်တွေမြို့ရှိ နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများကို တိုက်ခိုက်မှုများ ဖြစ်လာပါသည်။ ထို

[60] It had always been clear, however, that there were significant barriers to the census producing an accurate count of the ethnic Rohingya population. There were questions as to whether enumerators – depending on who they were – would write down the word "Rohingya" next to the "other" category (there was no code specifically for Rohingya), or whether they would instead enter the code for "Bangladeshi foreigner" or write "Bengali"in the"other" category. Subsequently, when the hand-written "other" ethnicities were manually sub-coded, a similar issue would have arisen. See also "Ethnicity without meaning …", op. cit., p. 17.

[61] "Medecins Sans Frontieres' shock at Myanmar suspension", BBC, 28 February 2014.

[62] Rakhine State Department of Health director Dr Aye Nyein, quoted in "MSF ban 'temporary', Rakhine officials insist", *Myanmar Times*, 6 March 2014.

[63] Jane Perlez, "Ban on doctors' group imperils Muslim minority in Myanmar", *The New York Times*, 13 March 2014.

[64] "Rakhine State protests oppose 'Rohingya' as census category", *Mizzima*, 17 March 2014; "Wirathu joins Arakanese protest against census", *The Irrawaddy*, 17 March 2014; "Ethnic groups hold press conference to oppose 'Rohingya' in census", *Eleven News*, 21 March 2014; "Arakanese threaten to boycott census over Rohingya issue", *Democratic Voice of Burma*, 24 March 2014. For background on radical Burman nationalist movements, see Crisis Group Report, *The Dark Side of Transition*, op. cit.

ဖြစ်စဉ်ကြောင့် ဒေသခံတစ်ဦး သေဆုံးပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသော လုပ်သား (၃၀၀) ကျော် စစ်တွေမြို့မှ ထွက်ခွာသွားခဲ့ရပါသည်။ လူသားချင်းစာနာသော အကူအညီပေးရေးအေဂျင်စီများ၏ ရုံးခန်းများ၊ ပစ္စည်း ကိရိယာများ၊ ယာဉ်များနှင့် ပစ္စည်းသိုလှောင်ရုံ ဖျက်ဆီးခံခဲ့ရပါသည်။[65] အဆိုပါ အကြမ်းဖက်မှု စတင် ဖြစ်ပွားလာရခြင်းမှာ နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီမှ ဝန်ထမ်းတစ်ဦးသည် ၎င်းတို့ ရုံးအတွင်းမှ ဗုဒ္ဓဘာသာအလံကို ဖယ်ရှားပစ်ခဲ့ရာမှ စတင်ခဲ့ပါသည်။ အဆိုပါ ကောလဟာလ ပျံ့နှံ့သွားပြီး စတင်ဖြစ်ပွားခဲ့ ခြင်းဖြစ်ရာ အစိုးရစုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်အရ အဆိုပါအမျိုးသမီးက မလေးမစားကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်ဟူသော ကောလဟာလ မှန်ကန်မှုမရှိ ကြောင်း သိရပါသည်။[66] ထိုအချိန်က စစ်တွေမြို့ရှိ အဆောက်အဦးများတွင် သန်းခေါင်စာရင်း သပိတ်မှောက်မှုကို ထောက်ခံကြောင်း ပြသရန် ဗုဒ္ဓဘာသာ အလံများ လွှင့်ထူထားကြပါသည်။

အကြမ်းဖက်မှုသည် နောက်ဆုံးတွင် ၂၀၁၂ အကြမ်းဖက်မှုကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသူများ (အများစုမှာ ရိုဟင်ဂျာများ) ၏ ဒုက္ခသည်စခန်းများအပါအဝင် အတွက် အရေးကြီးသော လူသားချင်းစာနာမှု အကူအညီများကို ရပ်ဆိုင်းသွားစေသည့်ရလဒ်ကို ထွက်ပေါ်စေပါသည်။ အကယ်၍ UNFPA အနေဖြင့် ကြိုတင်စီစဉ်မှု တစ်ခုခုလုပ်ထား သည်ဖြစ်စေ မလုပ်ထားသည် ဖြစ်စေ၊ ဥပမာအားဖြင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် သည် ဧပြီလအတွက် ခွဲတမ်းကို မတ်လတွင် ဖြန့်ဝေရန် ဆုံးဖြတ်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။[67] လူသားချင်း စာနာမှုဆိုင်ရာ အကူအညီရရှိနေသော အသိုင်းအဝိုင်းများကမူ သန်းခေါင်စာရင်း ကောက်ယူရေး အချိန်နှင့် တွဲလျက် အကြမ်းဖက်မှုများ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းခဲ့ကြပါသည်။ မည်သို့ပင်ဆိုစေ အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာရသော လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက် မှုများမှာ အရေးကြီးပါသည်။ ပြည်တွင်း မီဒီယာများ ကပင် နေ့စဉ်နှင့်အမျှ ကြိုတင်ကာကွယ်မှု မပြုလုပ်ပါက မသေသင့် မသေထိုက်သော လူ့အသက်ဆုံးရှုံးမှုများ တိုးလာနိုင်သည်ဟု သတင်းဖော်ပြခဲ့ကြပါသည်။[68] သန်းခေါင်စာရင်း ကောက်ယူ သည့် ကာလအတွင်း မွတ်ဆလင်အိုးမဲ့အိမ်မဲ့များ၏ စခန်းများတွင် ရွှေ့လျားဆေးခန်းအစီအစဉ်ကို ရပ်ဆိုင်းထားရန် ကျန်းမာရေး ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်မျိုးသည် ထိုသို့ပိုမိုဆိုးရွားစေမည်ဖြစ်ပြီး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများကြောင့် သေဆုံးမှုများ ဖြစ်လာနိုင်ပါသည်။[69]

[65] "Press Release by the Investigation Commission on the Incidents in Sittwe", Yangon, 9 April 2014.
[66] Ibid. The investigation found no evidence to support the rumours, and furthermore noted that the staff member had been in Myanmar for twenty years and had long been a practicing Buddhist.
[67] Crisis Group interviews, Yangon, March-April 2014.
[68] "In the shadow of the census, a health crisis unfolds", *Myanmar Times*, 3 April 2014.
[69] Crisis Group interviews, humanitarian workers, Yangon, March-April 2014.

သပိတ်မှောက်ရန် စည်းရုံးမှုများနှင့် နောက်ပိုင်းဖြစ်လာသော အကြမ်းဖက်မှုများကြောင့် သန်းခေါင်စာရင်း ကောက်ယူမှု ရွှေ့ဆိုင်းပေးရန် နောက်ဆုံးမိနစ် တောင်းဆိုမှုများ ဖြစ်လာရပါသည်။[70] ဤသို့သော လွန်စွာမှ နောက်ကျနေ သော အဆင့်မျိုးတွင် သန်းခေါင်စာရင်းအတွက် အလှူရှင်များနှင့် UNFPA တို့သည် ရခိုင်ပြည်နယ်၌ သန်းခေါင်စာရင်း ကောက်ယူမှု ရွှေ့ဆိုင်းရန် သို့မဟုတ် တစ်ပြည်လုံးတွင် တိုင်းရင်းသားလူမျိုးဖော်ပြမှု မေးခွန်းကို ဖယ်ရှားရန် အကြံပြု ခဲ့ကြပါသည်။ သို့သော် အဆိုပါအကြံပြုချက်ကို အစိုးရက ပယ်ချခဲ့ပါသည်။[71] နောက် သုံးရက်အကြာတွင် သန်းခေါင်စာရင်း ကောက်ယူမှုများ စတင်ခဲ့ရာ ရခိုင်ပြည်နယ်၏ ထိရှလွယ်သောနယ်များ၊ အထူးသဖြင့် ရိုဟင်ဂျာ ဒုက္ခသည်များစခန်းတွင် စာရင်းကောက်ယူသူများကို လက်နက်တပ်ဆင်ထားသော စစ်တပ်နှင့် ရဲများ တွဲဖက်လျက် လုပ်ဆောင်ခဲ့ကြပါသည်။

ရခိုင်ပြည်နယ်တွင် သပိတ်မှောက်မှုနှင့် ဖြစ်လာနိုင်သည့် ကြီးမားသော အကြမ်းဖက်မှုများကို ကာကွယ်နိုင်ရန် အစိုးရသည် ရိုဟင်ဂျာများဟု ကိုယ်ပိုင်လူမျိုးများ သတ်မှတ်ဖော်ထုတ်ခွင့်မပြုကြောင်းနှင့် စာရင်းကောက်ယူသူများအား လည်း 'ရိုဟင်ဂျာ' ဆိုသည့် စာလုံးအား ရေးသွင်းခွင့်မပြုကြောင်း နောက်ပိုင်းတွင်ကြေညာခဲ့ပါသည်။ လက်တွေ့ကောက်ယူ ရာတွင် ရိုဟင်ဂျာနယ်မြေများမှ စာရင်းကောက်ယူသူများသည် တိုင်းရင်းသားလူမျိုး မေးခွန်းကို စတင်မေးမြန်းခဲ့ပြီး၊ ရိုဟင်ဂျာဟုဖြေဆိုသူ အိမ်ထောင်စုများကို ဆက်လက်စာရင်းကောက်ခံခြင်း မပြုခဲ့ကြပေ။ ရခိုင်ပြည်နယ်မှ သန်းခေါင် စာရင်း အချက်အလက်များ၏ ရိုးသားမှုနှင့် စုစည်းကောက်ယူနိုင်မှုမှာ ထုတ်ပြော၍ မရနိုင်ပေ။[72] UNFPA မှ တာဝန် ပေးထားသည့် လွတ်လပ်သော စောင့်ကြည့်လေ့လာသူများက ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာနယ်မြေများတွင် သန်းခေါင် စာရင်း ကောက်ယူမှုမှာ လုံးဝမအောင်မြင်ဟု ဖော်ပြခဲ့ပြီး၊ ၎င်းတို့၏ နောက်ဆုံး အစီရင်ခံစာကို မေလကုန်ခန့်တွင် ထုတ်ပြန်နိုင်လိမ့်မည်ဟု ခန့်မှန်းရပါသည်။[73] အစိုးရ၏ ရိုဟင်ဂျာများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကြောင့် ရလဒ်အဖြစ် ရခိုင်များ၏သပိတ်မှောက်မှုများ ရပ်ဆိုင်းသွားပြီး ရခိုင်ပြည်နယ်၏ အခြားဒေသအစိတ် အပိုင်းများကို စာရင်းကောက်ယူခွင့် ရခဲ့ပါသည်။

ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေး အခြေအနေမှာ ကာလရှည်ကြာကပင် စိုးရိမ်ပူပန်မှုများ ဖြစ်နေရသည့် အချိန် အလေးမထားမှုကြောင့် အခြေအနေပိုမိုပျက်ယွင်းလာနေချိန်တွင် သန်းခေါင်စာရင်း ကောက်ယူမှုသည် လက်ရှိတင်းမာမှု များကို ဆက်လက်တောက်လောင်စေပါသည်။ ရခိုင်လူမျိုးအစွန်းရောက်များကလည်း သန်းခေါင်စာရင်းကို အခွင့်အရေး တစ်ခု သို့မဟုတ် အကြောင်းပြချက်တစ်ခု အဖြစ် ဆုတ်ကိုင်၍

---

[70] One prominent example was "Burma: Postpone flawed census to avert violence", Human Rights Watch, 28 March 2014.
[71] Letter dated 6 May from UNFPA to the UN Deputy Secretary-General, op. cit.
[72] Crisis Group interviews, humanitarian workers, Yangon, March-April 2014. See also "Census off to a bad start in Rakhine State", *Myanmar Times*, 1 April 2014.
[73] Letter dated 6 May from UNFPA to the UN Deputy Secretary-General, op. cit.

ရိုဟင်ဂျာများကို နောက်ထပ် အထီးကျန်ဆက်ပြုထားရန်နှင့် လူသားချင်းစာနာသော အကူအညီများပေးရာတွင် နောက်ထပ် အခက်အခဲများ ဖန်တီးလာနိုင်ခဲ့ကြပါသည်။

ထို့အပြင် အရေးပါသော နိုင်ငံရေးအရ သက်ရောက်မှုများလည်း ရှိလာခဲ့ပါသည်။ တင်းမာမှုများကို ပိုမိုတောက်လောင်အောင် လုပ်ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ သဘောထားတင်းမာသော ရခိုင်နိုင်ငံရေး အဓိကပုဂ္ဂိုလ်များ ကို ရဲရင့်သွားအောင်၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသွားအောင် လုပ်ပေးလိုက်ခြင်းဖြင့် လည်းကောင်း၊ အရေးကြီးသော နိုင်ငံရေးအရ ကနဦးလုပ်ဆောင်မှုများကို ထိခိုက်စေပါသည်။ သဘောထားတင်းမာသော ရခိုင်နိုင်ငံရေးနှင့် ပတ်သက်သော အဓိကပုဂ္ဂိုလ်များက ၎င်းတို့၏ သပိတ်မှောက်၍ ခြိမ်းခြောက်ခြင်းသည် ရိုဟင်ဂျာများကို သန်းခေါင်စာရင်းမှ ထုတ်ပစ်ရန် လုပ်ဆောင်ရာတွင် ထိရောက်သည်ဟု ရှုမြင်ကြပါသည်။ ထိုအထဲမှ အရေးကြီးဆုံးသောအချက်တစ်ခုမှာ ရိုဟင်ဂျာ အနေအထားကို စီစစ်သည့်လုပ်ငန်းစဉ်ကို လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးက ဦးဆောင်သည်ဟူသော အချက်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ရိုဟင်ဂျာလူဦးရေများအတွက် တရားဝင်အဆင့်အတန်း (လူဝင်မှုကြီးကြပ်ရေးနှင့် ဆိုင်သော အဆင့်အတန်းကို ဆိုလိုသည်) တစ်ခုကို စိစစ်ပေးရန် ရည်ရွယ်ခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ပေးခြင်းဖြင့် ၎င်းတို့ လူဦးရေမှ အရေအတွက်တစ်ခုသည် အလိုအလျောက် နိုင်ငံသားပြုခွင့်လမ်းကြောင်းပေါ် တင်နိုင်ရေးကို အစိုးရက လုပ်ဆောင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့၏ အခြေအနေပေါ်တွင် အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများ ရှိလာနိုင်ပါ သည်။[74]

စိစစ်ရေးလုပ်ငန်းစဉ်များသည် ၂၀၁၃ အတွင်း ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ် မယုံကြည်ဖွယ်များ တွေ့ရသော ကြောင့် နှစ်ကြိမ်ခန့် ရပ်ဆိုင်းခဲ့ရပါသည်။ ထိုလုပ်ငန်းစဉ်ကို ၂၀၁၄ အစပိုင်းတွင် ဆက်လက်လုပ်ဆောင်ရန် ဖြစ်သော် လည်း UNFPA က လူဝင်မှုကြီးကြပ်ရေးဝန်ကြီးအား ထပ်မံ၍ရွှေ့ဆိုင်းရန် နားချပါသည်။ အကြောင်းရင်းမှာ သန်းခေါင် စာရင်းကောက်ယူခြင်းနှင့် နီးကပ်နေသောကြောင့်ဟု ဆိုပါသည်။[75] ယခုမူ စိစစ်ရေးလုပ်ငန်းစဉ်ကို မည်သို့ဆက်လက် လုပ်ဆောင်မည်ဆိုသည်ကို စဉ်းစားရန် ခက်ခဲနေပါပြီ။ ရခိုင်လူမျိုးများ အနေဖြင့် ရိုဟင်ဂျာများကို နိုင်ငံရေးအရ စည်းခွဲခြားရန် လုပ်ဆောင်နိုင်သည့် အရည်အချင်းအပေါ် ယုံကြည်မှုရှိနေပြီဖြစ်ပါသည်။ တချိန်တည်းတွင် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးအနေဖြင့် သန်းခေါင်စာရင်း ကောက်ယူရာတွင် ကိုယ်ပိုင်လူမျိုးသတ်မှတ်ခွင့် လွတ်လပ်စေရမည်ဟု ကတိပြုခဲ့မှုကို မဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် ရိုဟင်ဂျာအသိုင်းအဝိုင်းကြားတွင်လည်း အသိအမှတ်ပြုခံရမှု ဆုံးရှုံးခဲ့ရပါ သည်။

74 The reason is that many restrictions on the Rohingya – including on freedom of movement outside their village, which limits employment opportunities and access to health, education and other government services, as well as freedom to marry, and restrictions on number of children – are imposed on the basis that the Rohingya have temporary (non-citizen) registration cards.
75 Crisis Group interview, individual briefed on the issue, Yangon, April 2014.

(ခ) ကချင်ပြည်နယ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ

ကချင်လွတ်မြောက်ရေး အဖွဲ့ (KIO) သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင် ဩဇာအရှိဆုံးအဖွဲ့များတွင် ပါဝင်ပါသည်။ တရားဝင်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု မရသေးသော အဓိကအဖွဲ့ တစ်ခု ဖြစ်ပါသည်။[76] ၎င်း၏ ရပ်တည်ချက်သည် ယခုလက်ရှိအရေးကြီးသော အဆင့်သို့ရောက်ရှိနေပြီဖြစ်သော တစ်နိုင်ငံ လုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ဆွေးနွေးမှုများတွင် အစိုးရအနေဖြင့် အောင်မြင်မှု ရ၊ မရ ဆိုသည့်အပေါ် အဓိကကျလိမ့်မည်ဟု ယူဆရပါသည်။

ကချင်ပြည်နယ်တွင် သန်းခေါင်စာရင်းကောက်ယူမှုမှာ အငြင်းပွားဖွယ် ဖြစ်ပါသည်။ အကောင်အထည်ဖော်သည့်နည်းလမ်းမှာ အစိုးရ-KIO ဆက်ဆံရေးတွင် အခက်အခဲများ ဖြစ်စေပြီး၊ ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်လာနိုင် ပါသည်။ KIO အနေဖြင့် ၎င်းထိန်းချုပ်သော နယ်မြေတွင် သန်းခေါင်စာရင်းကောက်ယူမှု ခွင့်မပြုရန် နောက်ဆုံး ဆုံးဖြတ်ချက်ကို ၂၀၁၄ မတ်လတွင် ချခဲ့ရာ အစိုးရအပေါ်ယုံကြည်မှုမရှိခြင်း၏ ထင်ဟပ်ချက်က တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး ကောက်ယူသည့် သတင်းအချက်အလက်အချို့မှာ မဟာဗျူဟာ သို့မဟုတ် စစ်ရေး ရှုဒေါင့်မှ ကြည့်ပါက ထိရှလွယ်သည်ဟု ရှုမြင်ခြင်းကြောင့်လည်း ဖြစ်ပါသည်။[77] သို့သော် သန်းခေါင်စာရင်း ကောက်ယူရာတွင် တိုင်းရင်းသားလူမျိုးနှင့် ပတ်သက်၍ ကိုင်တွယ်မှု နည်းလမ်းကလည်း တိုက်ရိုက်ပတ်သက်နေပါသည်။ စိုးရိမ်မှု၏ တစ်စိတ်တစ်ပိုင်းမှာ ကောက်ယူမှုမှ ရသော အချက်အလက်များကို ကြည့်၍ တိုင်းရင်းသားအရေအတွက်အတိအကျသည် ကချင်ဒေသအတော်များများနှင့် ကချင် ပြည်နယ် တစ်ခုလုံး၌ပင် အလားအလာရှိနေသည်မှာ ကချင်လူမျိုးသည် အများစုမဟုတ်တော့ကြောင်း ပြသနေမည်ကို အချို့ ကချင်လူမျိုးများက စိုးရိမ်ပူပန်နေကြသည့် အချက်ဖြစ်ပါသည်။[78] စိုးရိမ်ပူပန်မှုတစ်ခုကို တိတိကျကျဆိုရပါက သန်းခေါင်စာရင်း ကုဒ်နံပါတ်စာရင်းတွင် ကချင်တိုင်းရင်းသားအောက်တွင် အုပ်စုခွဲ (၁၁) ခု ထပ်မံခွဲထားရာ ကချင် ပြည်နယ်တစ်ခုလုံး စည်းလုံးညီညွတ်မှုသဘောထား အားကောင်းရန် ကာလရှည်ကြာက ကြိုးပမ်းမှုကို အားနည်းစေမည် ဟု ရှုမြင်ပါသည်။[79]

ရခိုင်ပြည်နယ်၏ ထိရှလွယ်သော အစိတ်အပိုင်းများတွင် လုပ်ဆောင်ခဲ့သကဲ့သို့ ကချင်ပြည်နယ်၏ အချို့နေရာ များနှင့် ကချင်ပြည်နယ်နှင့်ကပ်နေသော ရှမ်းပြည်နယ်မြောက်ပိုင်း ကချင်အများစုရှိရာ

[76] It has signed an agreement in May 2013 aimed at "de-escalation and cessation of hostilities", and a fragile de facto ceasefire has been in place since. See Crisis Group Briefing, *A Tentative Peace in Myanmar's Kachin Conflict*, op. cit.
[77] See "Kachin won't suffer from missing out on census: KIO", *The Irrawaddy*, 3 April 2014; "Burma's census marred by controversy over ethnic question", *The Irrawaddy*, 4 April 2014.
[78] "Ethnicity without meaning …", op. cit.
[79] Ibid.

ဒေသများတွင် စာရင်းကောက်ယူ သူများကို လုံခြုံရေးအတွက် စစ်တပ်များ တွဲဖက်လိုက်ပါစေခဲ့ပါသည်။ KIO ထိန်းချုပ်သော ပင်မနယ်မြေများတွင် သန်းခေါင်စာရင်းကောက်ယူမှုကို ခွင့်မပြုသော်လည်း KIO ၏ ဩဇာလွှမ်းမိုးမှု သို့မဟုတ် အာဏာတည်ရှိမှု အမြဲတစ်စေ မရှိပဲ အစိုးရနှင့် ပြိုင်ဆိုင်နေသော အချို့နေရာများတွင်မူ စာရင်းကောက်ယူခွင့်ပြုထားပါသည်။ သန်းခေါင်စာရင်းကောက်ယူသည့်အချိန်အတွင်း အချို့ရက်များတွင် တရားဝင် News Light of Myanmar သတင်းစာ၌ နယ်မြေအချို့တွင် KIO က သန်းခေါင်စာရင်း ကောက်ယူမှုကို တားဆီးခြင်းအပေါ် ဝေဖန်သည့် သတင်းများ ထင်ထင်ရှားရှား ဖော်ပြခဲ့ပြီး၊ အချို့နေရာများတွင် စစ်တပ်မှ လုံခြုံရေးစီမံချက်များ လုပ်ဆောင်၍ သန်းခေါင်စာရင်းကောက်ယူနိုင်အောင် လုပ်ဆောင်ရ သည်ဟု ဆိုထားပါသည်။[80] နောက်ပိုင်းတွင် သတင်းစာ၌ ဖော်ပြခဲ့သည်မှာ KIO အဖွဲ့ဝင်များက သန်းခေါင်စာရင်း ကောက်ယူမှုကို နှောင့်ယှက်ရန် ကြိုးစားသည့် ရွာ (၂၃၁) ရွာ ရှိသည့်အနက် စစ်တပ်လုံခြုံရေးပေး၍ ဆောင်ရွက်မှုကြောင့် ကျေးရွာ (၁၁၀) သာ ကောက်ယူရန် ကျန်ရှိကြောင်း ကျေညာခဲ့ပါသည်။[81]

လွတ်လပ်သော သတင်းထောက်များ၏ အဆိုအရ အဆိုပါလုံခြုံရေးစီမံချက်များတွင် လက်နက်များ ကောင်းစွာ တပ်ဆင်ထားသော အဓိကကျသော ရှေ့တန်းတပ် ရွှေ့လျားမှုများ ပါဝင်ကြောင်း၊ ထိုသို့ရွှေ့လျားရာတွင် မော်တာဖြင့် ပစ်ခတ်မှုများ၊ KIO တပ်များနှင့် လက်နက်ဖြင့် ပစ်ခတ်မှုများ ရှိခဲ့ကြောင်း၊ သိရှိရပါသည်။ ထို့ကြောင့် ရာပေါင်းများစွာသော ရွာသားများ ထွက်ပြေးရမှုများရှိခဲ့သည်ဟု ဆိုပါသည်။[82] ဧပြီလ (၄) ရက်နေ့ တွင် KIO သည် သန်းခေါင်စာရင်းအတွက် လုံခြုံရေးစီမံချက်တွင်ပါဝင်သော မြန်မာစစ်တပ်ဗိုလ်မှူးတစ်ဦးကို ပစ်သတ်ခဲ့ခြင်းကြောင့် မြန်မာစစ်တပ်ဘက်မှ အား ကောင်းပြီး လျင်မြန်သော တုန့်ပြန်မှုများ လုပ်ဆောင်လာရန် ဆွလိုက်သကဲ့သို့ ဖြစ်ရပါသည်။ အစိုးရဖက်မှ ရေတွက်ချက် အရ နှစ်ဖက်စလုံးမှ စစ်သည် (၂၂) ဦး ကျဆုံးကြောင်း ဆိုပါသည်။[83] ငြိမ်းချမ်းရေးအတွက် ဒေသခံကြားဝင်စေ့စပ်ညှိနှိုင်း ရေးအုပ်စုမှ ထင်ရှားသော ကချင်ရပ်မိရပ်ဖတစ်ဦးက အကယ်၍ ဤသို့သော အခြေအနေများ ဆက်လက်ဖြစ်ပေါ် နေမည် ဆိုပါက၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံး ပြိုလဲသွားနိုင်သည့်လမ်းကြောင်းသို့ ဦးတည်နိုင်ကြောင်း သတိပေးခဲ့ပါ သည်။[84] ထိုသို့သော ဆိုးရွားသည့် အကျိုးဆက်များကို ရှောင်ရှားနိုင်လိမ့်မည်ဟု မျှော်လင့်ရသော်လည်း ဤသို့သော

[80] See *New Light of Myanmar*, 1 April 2014, p. 1; 3 April 2014, p. 3; 5 April 2014, p. 9; 6 April 2014, p. 2; 10 April 2014, p. 2.
[81] "2014 nationwide census covers nearly 11 million households", *New Light of Myanmar*, 23 April 2014, p. 2. The KIA is the armed wing of the KIO.
[82] See "Hundreds flee as census-related clashes break out in Kachin", *Democratic Voice of Burma*, 11 April 2014; "Burmese military accompanies census enumerators in conflict area", *The Irrawaddy*, 10 April 2014.
[83] "Myanmar says 22 dead in Kachin fighting this month", Associated Press, 20 April 2014; "Why conflict continues in Kachin State", *Eleven News*, 21 April 2014.
[84] Lamai Gum Ja, member of the Kachin Peace Talk Creation Group, quoted in "Hundreds flee as census-related clashes break out in Kachin", *Democratic Voice of Burma*, 11 April 2014.

အရေးကြီးလှသည့်အချိန်တွင် အစိုးရနှင့် KIO ဆက်ဆံရေးအပေါ် မလွဲသာမရှောင်သာ တွေ့ရမည့် ဖိအားများ၏ သက်ရောက်မှုကို အကဲဖြတ်ရန် ခက်ခဲလှပါသည်။ မေလ (၁၃) ရက်၌ အစိုးရနှင့် KIO တို့၏ မြစ်ကြီးနားတွင် တွေ့ဆုံ ဆွေးနွေးမှုနှင့် ရန်ကုန်မြို့တွင် မေလ ၁၉-၂၀ တွင် ကျင်းပမည့် တိုင်းရင်းသားလက်နက်ကိုင်များ တွေ့ဆုံပွဲတို့တွင် အကျိုး ဆက်များကို တွေ့ကောင်းတွေ့လာရနိုင်ပါသည်။

တိုင်းရင်းသားအချက်အလက်များကို အခြားနည်းလမ်းဖြင့် ကောက်ယူခဲ့သည်ဖြစ်စေ၊ အားလုံး မကောက်ယူနိုင်ခဲ့သည်ဖြစ်စေ၊ KIO အနေဖြင့်ကမူ သန်းခေါင်စာရင်း ကောက်ယူမှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည် ဆိုသည်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့်ပင် တိုင်းပြည်အတွက် အရေးပါသော လုပ်ငန်းစဉ်အပေါ် KIO က မကန့်ကွက်ခဲ့၍ ကြီးမားသည့် သက်ရောက်မှုများကို ရှောင်ရှားနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဧပြီလ နောက်ပိုင်းတွင် ဖြစ်ပွားသော နစ်ဖက်တိုက်ပွဲများ၏ အကြောင်းရင်းများမှာ ရှုတ်ထွေးပြီး၊ အပြိုင်အဆိုင် ငြင်းခုန်မှုများ ရှိခဲ့ပါသည်။ ခန့်မှန်းချက်များအရ နောက်ဆုံးတွင် အရပ်သား (၂၇၀၀) ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည့် ရလဒ်သာထွက်ခဲ့ပါသည်။[85] ဤတိုက်ပွဲများသည် သန်းခေါင်စာရင်း ကောက်ယူမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဟု ဆိုရမည် ဖြစ်သော်လည်း စာရင်းကောက်ယူမှုနှင့် အဆိုပါ စာရင်းကောက်ယူမှုကို အကြောင်းပြု၍ ထွက်ပေါ်လာသော လုံခြုံရေးစီမံချက်များကြောင့် ဖြစ်ပေါ်ရသော တင်းမာမှုအတိုင်းအတာ မည်မျှ ရှိသည် ဆိုသည်ကိုမူ ပြောဆိုရန် မလွယ်ကူပေ။

## VI. နိုင်ငံတကာ၏ ဝတ္တရားများ

မည်သို့ဆိုစေ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ နောက်ဆုံးတာဝန်ရှိသူမှာ အစိုးရပင် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဝင်းစီစဉ်၍ အကောင်အထည်ဖော်ခဲ့သော လမ်းကြောင်းအတွက် အကောင်းအဆိုးကို မျှဝေ၍ တာဝန်ယူရ မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းစဉ်တွင် အလှူရှင်၏ တွန်းအားပေးမှုကလည်း အတော်များပါသည်။ ကုလသမဂ္ဂ၏ တိုက်တွန်းစေ့ဆော်မှုလည်း ပါပါသည်။ ကုလသမဂ္ဂသည် အားပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နည်းပညာ အကူအညီများပေးခြင်းနှင့် ရန်ပုံငွေအနည်းငယ် ကူညီခြင်းများ လုပ်ဆောင်ပါသည်။ အလှူရှင်နစ်နိုင်ငံသည် လုပ်ငန်းစဉ် ကုန်ကျမည့် ဒေါ်လာ ၇၄ သန်း၏ အများစုကို ပေးပါသည်။

နစ်ပေါင်း (၃၀) ကျော်ခန့် သန်းခေါင်စာရင်း ကောက်ယူမှုမရှိသောနိုင်ငံတစ်ခုအနေဖြင့် အတွေ့အကြုံ မရှိသော ဝန်ထမ်းများသာ ရှိနေသောကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာ အကြံဉာဏ်ပေါ်တွင်သာ

[85] "Asia Pacific Region: Weekly Regional Humanitarian Snapshot 22-28 April 2014",UN Office for the Coordination of Humanitarian Affairs. See also "5000 displaced by Kachin clashes amid KIO leader's US visit", *The Irrawaddy*, 21 April 2014.

မှီခိုခဲ့ရပါသည်။ ထို့ကြောင့်ပင် ကုလသမဂ္ဂနှင့် အလှူရှင်များသည် ဩဇာလွှမ်းမိုးသည့် အတိုင်းအတာကြီးပြီး၊ တာဝန်ယူရမည့် အပိုင်းလည်း အရေးပါပါ သည်။

သန်းခေါင်စာရင်းကောက်ယူရေးတွင် တရားဝင်အကြီးအကဲဖြစ်သူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးခင်ရီသည် ပြုပြင်ပြောင်းလဲရေးကို မောင်းနှင်နေသူ သမ္မတ ဦးသိန်းစိန်ကို ဝန်းရံ ပေးနေ သော အုပ်စုလေးတွင် ပါဝင်သူတစ်ဦး ဖြစ်ပါသည်။ သူ၏ လူဝင်ကြီးကြပ်ရေးပါဝင်ရသော အခန်းကဏ္ဍအရ ယခင်ပဋိပက္ခ နယ်မြေများတွင် အမျိုးသားမှတ်ပုံတင်ကဒ်ထုတ်ပေးခြင်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ နိုင်ငံရေးကိစ္စကြောင့် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ အမည်မည်းစာရင်းများပယ်ဖျက်ခြင်းနှင့် ပြည်ပရောက် အစိုးရဆန့်ကျင်သူအများအပြား ပြန်လာနိုင် အောင် ကူညီခြင်းများတွင် ဦးဆောင်လုပ်ပေးခဲ့ပါသည်။ ထို့အပြင် သူသည် ရိုဟင်ဂျာအသိုင်းအဝိုင်းများ၏ အနေအထား စီစစ်ခြင်းကိုလည်း တာဝန်ယူထားရပြီး၊ လက်ရှိ နိုင်ငံမဲ့ဖြစ်နေရသူများ၏ အခြေအနေတိုးတက်လာအောင် လက်တွေ့ကျ သော အဖြေရှာရေးကို စဉ်းစားရန် စိတ်အားထက်သန်သူ ဖြစ်ကြောင်း ပြသခဲ့ပါသည်။ သူ့အနေဖြင့် သန်းခေါင်စာရင်း ကိစ္စချဉ်းကပ်ရာတွင် ထူးထူး ခြားခြား တံခါးဖွင့်ခြင်းကို လုပ်ဆောင်ခဲ့ပါသည်။ သန်းခေါင်စာရင်းမှာ ပြုပြင်ပြောင်းလဲရေး၏ အစောပိုင်းတွင် လုပ်ဆောင်ခြင်းဟုဆိုရပါမည်။ UNFPA မှ နိုင်ငံတကာအကြံပေးများကို သူ၏ ဝန်ကြီးဌာနအတွင်း အလုပ်လုပ်ခွင့်ပေးခြင်း (ထိုအချိန်က အခြားဝန်ကြီးဌာနများသည် နိုင်ငံခြားသားများကို လက်မခံသေးပါ) အဆိုပါ လုပ်ငန်းစဉ်ကို ကြီးကြပ်ရန် နိုင်ငံတကာပညာရှင်များပါဝင်သော အုပ်စုဖွဲ့စည်းမှုကို သဘောတူခြင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းတွင် ရှေ့ပြေးစတင် ကောက်ယူစဉ်မှစ၍ နိုင်ငံတကာ၏ စောင့်ကြည့်လေ့လာမှုကို လက်ခံခြင်းများ လုပ်ဆောင် ခြင်းဖြင့် တံခါးဖွင့်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံတကာ၏ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ နှင့်အညီ အကောင်အထည်ဖော်ကြောင်း သေချာစေရန် သူ၏ သဘောထား ပျော့ပြောင်းမှုကို ပြသခဲ့ပါသည်။

မည်သို့ပင်ဆိုစေ အမူအကျင့်ပောင်း၊ ခံယူချက်ပောင်းများကို ဖြည်းဖြည်းသာ ဖျောက်ဖျက်ပစ်နိုင်ပါသည်။ ဝန်ကြီးဌာနရှိ ဝန်ထမ်းများသည် ဥပဒေစိုးမိုးရေး လုပ်ဆောင်ရသော သဘာဝရှိပါသည်။ ယခင်အစိုးရလက်ထက်က အဆိုပါ ဝန်ကြီးဌာနသည် လုံခြုံရေးအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဝန်ကြီး ဦးခင်ရီ ကိုယ်တိုင်ကပင် စစ်အုပ်ချုပ်ရေးစနစ်တွင် ရဲချုပ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူကိုယ်တိုင်ကပင် ပတ်ဝန်းကျင်အသစ်တွင် နိုင်ငံရေး အုပ်စုအချို့က အချို့နယ်ပယ်များ၌ လုပ်ငန်းစဉ်ကို လမ်းချော်သွားအောင် အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်နိုင်စွမ်း ရှိသည်ဆိုသည်ကို လျှော့တွက်ကောင်းလျှော့တွက်ခဲ့ဟန် တူပါသည်။ ကုလသမဂ္ဂနှင့် အလှူရှင်နိုင်ငံများ အနေနှင့်က လည်း အစကတည်းက ယခင်မပြုလုပ်ခဲ့ဘူးသော ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လုပ်နေစဉ်နှင့်

အရေးပါသော ရွေးကောက်ပွဲများ မတိုင်မီ သန်းခေါင်စာရင်းကောက်ယူရေးကို အကောင်းဆုံး မည်သို့လုပ်ဆောင်နိုင်စေရန် မေးခွန်းထုတ်၍ အကြံပြုခဲ့သင့်လှပေသည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို ထောက်ခံပံ့ပိုးမည်ဟု ဆုံးဖြတ်ခဲ့ပြီဆိုပါက၊ လုပ်ဆောင်မှုများသည် အလှူရှင်များကူညီနေသော အခြားအရေးပါသော လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုအနည်းဆုံးသာ ရှိစေရန် ဆုံးဖြတ်ချက်ချ ထားသင့်ပါသည်။ ကြုံတွေ့လာရနိုင်သည့် အန္တရာယ်အတိုင်းအတာကို ရှင်းရှင်းလင်းလင်း သိလာသည်နှင့်အမျှ လိုအပ်ပါ က အစီအစဉ်ကို ရွှေ့ဆိုင်းခြင်းအပါအဝင် အဓိကပြောင်းလဲမှုများအား တွန်းအားပေးရန် စိတ်အားထက်သန်မှု ရှိရပါမည်။ သို့သော်လည်း ကုလသမဂ္ဂဖက်မှ ထိရောက်သော နိုင်ငံရေးအရ ကြီးကြပ်ပေးမှု မရှိခဲ့ပေ။ UNFPA အတွင်းတွင် ဖြစ်လာနိုင်သော သက်ရောက်မှုများအပေါ် ငြင်းဆန်မှုများပင် တွေ့ရပါသည်။ သန်းခေါင်စာရင်းအတွက် အလှူရှင် အသိုင်းအဝိုင်းကလည်း တွေ့လာရနိုင်သည့် အခြေခံကျကျ အန္တရာယ်များကို တုန့်ပြန်ရာတွင် အရေးမကြီးသော အစိတ်အပိုင်းများ၌သာ အသေးစား ပြန်ညှိခြင်းများကိုသာ အာရုံပြုသည်ကို တွေ့ရပါသည်။

အခြေအနေကို အလေးအနက်ထား စိုးရိမ်ရသည့် အတိုင်းအတာသည် ၂၀၁၃ အကုန်နှင့် ၂၀၁၄ အစပိုင်းတို့တွင် ပိုမိုရှင်းလင်းစွာ တွေ့လာရပါသည်။ ထိုအချိန်တွင် အဓိကအလှူရှင်များသည် စတင်စိုးရိမ်လာကြပါသည်။ သို့သော် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို မပြောင်းဘဲ ရှေ့ဆက်ရန်ကိုသာ ဆက်လက်တွန်းအားပေးခဲ့ပါသည်။ ၎င်းတို့က ဖော်ပြရာ တွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို လျှော့ချမည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်နေပြီ ဖြစ်ကြောင်းနှင့် မေးခွန်းများကို ပြောင်းလဲရန်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း ပုံစံများကို ပြန်လည်ပုံနှိပ်ရပါက ကုန်ကျငွေကြောင့် ဖြစ်ကြောင်းဆိုပါသည်။[86] သန်းခေါင်စာရင်း အလှူရှင်များအုပ်စုသည် UNFPA ၏ ကြားဝင်မှုမပါဘဲ အစိုးရနှင့်တိုက်ရိုက် ဆက်ဆံရေးကို ၂၀၁၄ အစောပိုင်းအထိ မပြုလုပ်ခဲ့ပါ။[87] ၎င်းတို့ အစိုးရနှင့်တိုက်ရိုက်တွေ့ဆုံချိန်သည် Crisis Group ၏ ပဋိပက္ခနှိုးဆော်ချက် ထုတ်ဝေပြီးသည့်အချိန် ဖြစ်သော်လည်း၊ သန်းခေါင်စာရင်းကောက်ယူမှုကို အခြေခံကျသော ပြောင်းလဲမှုများမလုပ်ပဲ ဆက်လက်အကောင်အထည်ဖော်ရန် တွန်းအားပေးခဲ့ပါသည်။[88] ရက်သတ္တပတ်အစောပိုင်းက အစိုးရသည် သဘော မတူညီမှုများ ထွက်ပေါ်လာနိုင်သည့် မေးခွန်းများကို ITAB နှင့် ဖယ်ရှားရန်ဖြစ်နိုင်ကြောင်း ပြောလာသော်လည်း အလှူရှင်များက တွန်းအားပေးခြင်းနှင့် ပြင်ဆင်ရေးကို အားမပေးကြခြင်းတို့ကြောင့် လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင် လာခြင်းအတွက် အံ့သြဖွယ်တော့ မဟုတ်တော့ပေ။ လုပ်ငန်းစဉ်တွင် နိုင်ငံရေးနှင့်ဆိုင်သော အရင်းအနှီးကြီးကြီးမားမား

[86] Crisis Group interviews, individuals who raised concerns with the process, Yangon, December 2013-March 2014.
[87] Crisis Group interviews, representatives of donor countries, Yangon, January-March 2014. Some donors report that they were raising concerns bilaterally with the government prior to this, but these efforts do not appear to have been coordinated.
[88] Ibid.

ထည့်ဝင်ထားရပြီးလည်း ဖြစ်သည်ကတစ်ကြောင်း၊ UNFPA နှင့် အဓိကအလှူရှင်များထံမှ နောက်ဆုံးအချိန်တွင် လုပ်ဆောင်မှုကို လျှော့ချရန် အကူအညီမရတော့သောအခါ ဝန်ကြီးဦးခင်ရီသည် နည်းပညာအကြံပေးအတိုင်းသာ လုပ်ရန် နှင့် ရှေ့ဆက်ရန်သာ ဖိအားပေးရတော့သည်။

ဤနေရာတွင် ရိုဟင်ဂျာများအနေဖြင့် သန်းခေါင်စာရင်း၌ မိမိကိုယ်ကို သတ်မှတ်ပိုင်ခွင့်ကို ငြင်းဆိုသည့် အစိုးရ ၏ ဆုံးဖြတ်ချက်ကို တွေ့ရမည်ဖြစ်ပါသည်။ နောက်ဆုံးအချိန်တွင် မမျှော်လင့်ပဲ နောက်ပြန်လှည့်သွားရန် နိုင်ငံတကာက ကတိပြုမှုများလည်း မရှိတော့သည့်အချိန်တွင် ရခိုင်ပြည်နယ်စာရင်းကောက်ယူမှုကို ဆက်လုပ်ရန် ဆုံးဖြတ်ချက်ချခြင်း သည် ကြီးမားသော အကြမ်းဖက်မှုဖြစ်လာနိုင်သည့် ရခိုင်တို့၏ သပိတ်မှောက်မှုကိုသာ ရှောင်လွှဲနိုင်သည့် အကျိုးရလဒ်ရှိပါ သည်။ အမှန်တကယ်ပင် ဤသို့ဆက်လုပ်ရန် ဆုံးဖြတ်ခြင်းသည် ရခိုင်ပြည်နယ်တွင် အရေးပါသည့် ဖြစ်လာနိုင်သည့် အကြမ်းဖက်မှုများကို ရှောင်လွှဲနိုင်ခဲ့ပါသည် ဆိုသော်လည်း လုပ်ဆောင်မှုများအပေါ် အသိအမှတ်ပြုမှုတွင် အားနည်းစေ သည့် တန်ဖိုးတစ်ခု ပေးဆပ်ခဲ့ရပါသည်။ ရိုဟင်ဂျာအများစုမှာ အခြားခွဲခြားဆက်ဆံခဲ့ရသည့် ပုံစံများ ရှိနေပြီးဖြစ်ရာ ရိုဟင်ဂျာအများစုကို စာရင်းကောက်ယူနိုင်မှသာ ရခိုင်ပြည်နယ်ကို အသိအမှတ်ပြုမှုများ ရပေလိမ့်မည်။

ရိုဟင်ဂျာများ၏ ကိုယ်ပိုင်သတ်မှတ်ပိုင်ခွင့်နှင့် ပတ်သက်၍ အစိုးရ၏ ဆုံးဖြတ်ချက်သည် အလှူရှင်အချို့နှင့် UNFPA ကို ကြေညာချက်ထုတ်ပြန်စရာ ဖြစ်စေခဲ့ရာ ထည့်သွင်းစဉ်းစားခဲ့သော အခြေအနေများမှာ မပြည့်စုံခြင်း၊ အထောက်အကူမဖြစ်ခြင်းများ ရှိခဲ့ပါသည်။ ဧပြီလ ၁ ရက်နေ့တွင် UNFPA က ရိုဟင်ဂျာများ မိမိ ကိုယ်တိုင်သတ်မှတ်ခြင်း အပေါ်အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လေးလေးနက်နက်စိုးရိမ်ကြောင်း ဖော်ပြခဲ့ပါသည်။[89] UNFPA က စိုးရိမ် သည်မှာ ဤဆုံးဖြတ်ချက်သည် လူမှုရေးအကြမ်းဖက်မှု သမိုင်းကြောင်းရှိသော ရခိုင်ပြည်နယ်တွင် တင်းမာမှုများ မြင့်တက် လာနိုင်ခြင်းကြောင့် စိုးရိမ်သည်ဟု ဆိုပါသည်။ ၎င်းမှာ ကနဦး နိုင်ငံရေးအရ ကြုံတွေ့လာရနိုင်သည့် အန္တရာယ်များကို အကဲဖြတ်ခြင်း၌ UNFPA ကို ထောက်ပြခဲ့သော အချက်ဖြစ်ပါသည်။ UNFPA အနေဖြင့် မှတ်သားမိသည့်အချက်မှာ ထိုအချက်ကြောင့်ပင် အစိုးရသည် လူ့အသက်များကို ကာကွယ်ရန်နှင့် အကြမ်းဖက်မှုများထပ်မံဖြစ်ပေါ်ခြင်းမှ ကြိုတင် ကာကွယ်ရန်ကို အမြင့်ဆုံးဦးစားပေးအဖြစ် ထားရှိရေးစဉ်းစားရန် ဖြစ်စေခဲ့ခြင်း ဖြစ်မည်ဆိုသော အချက်ဖြစ်ပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို ရေးဆွဲထားသည်မှာ အားနည်းချက်များ၊ အမှားများရှိနေပြီးဖြစ်သည်ဟု စဉ်းစားမည် ဆိုပါက အစိုးရအနေဖြင့် ရိုဟင်ဂျာများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း နောက်ကွယ်မှ အကြောင်းအရင်းမှာ အထက်က ဖော်ပြခဲ့သော အကြောင်းဖြစ်မည်ဟု ဆိုနိုင်ပါသည်။ ၎င်းမှာ အငြင်းပွားမှု ရှိကောင်းရှိနိုင်ပါသည်။

89 "UNFPA concerned about decision not to allow census respondents to self-identify as Rohingya", statement, UNFPA Yangon, 1 April 2014.

UNFPA က နောက်ပိုင်းတွင် ဖော်ပြသည်မှာ သန်းခေါင်စာရင်းအတွက် ပြင်ဆင်နေမှုများမှာ ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း မိမိကိုယ်ကို သတ်မှတ်ဖော်ပြခွင့်မပြုရန် ဆုံးဖြတ်ခြင်းသည် ရိုဟင်ဂျာများအပေါ် စာရင်းကောက်ယူရာ တွင် မပြည့်စုံမှုကို ဖြစ်စေနိုင်ကြောင်းနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂစံများဖြင့် အကဲဖြတ်ပါက ပထဝီအနေထားတစ်ခု တွင်ရှိသော လူအုပ်စုတစ်ခုကို ဝါဒရေးရာ ၊ လက်တွေ့နှင့် စီးပွားရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် ရည်ရွယ်ချက်ဖြင့် စာရင်းကောက်ယူရန် ချန်လှပ်ခြင်းဟု အကဲဖြတ်နိုင်သည်ဟု ဖော်ပြခဲ့ပါသည်။ UNFPA က ဆက်လက်ဖော်ပြရာတွင် ကိန်းဂဏန်းအချက်အလက်များကို အခြားနည်းလမ်းများဖြင့် ဖြည့်သွင်းနိုင်သည်ဟု ဆိုပါကလည်း ဤသို့သော အခြေအနေ မျိုးဖြင့် ကောက်ယူခြင်းကို တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူခြင်းဟု မှတ်ယူခြင်းပြု၍မရ ဟု ဖော်ပြထားပါသည်။[90] မေလ ၇ ရက်နေ့က သတင်းစာရှင်းလင်းပွဲတွင် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖော်ပြရာတွင် သန်းခေါင်စာရင်း ကောက်ယူမှုတွင် ၉၉ ရာခိုင်နှုန်းသော နယ်မြေများကို အကျုံးဝင်ကောက်ခံနိုင်ခဲ့ပြီး ၉၈ ရာခိုင်နှုန်းက ပြန်လည် ဖြေကြားမှု များရှိ၍ အောင်မြင်ကြောင်း ဆိုပါသည်။ နောက်ထပ် ရက်သတ္တပတ် ၈ ပတ်အတွင်း ကျန်ရှိသော စာရင်းကောက်ယူမှုများ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။[91]

ဧပြီလ ၇ ရက်နေ့ကလည်း ဗြိတိန်နိုင်ငံသည် မြန်မာသံအမတ်ကြီးအားခေါ်ယူ၍ သန်းခေါင်စာရင်း အကောင်အထည်ဖော်မှုအတွက် ကြီးစွာစိုးရိမ်ကြောင်းနှင့် ရိုဟင်ဂျာများအပေါ် ဆုံးဖြတ်ချက်ပြန်ပြင်ရန်တို့ကို ပြောကြားခဲ့ပြီး အဆိုပါ တွေ့ဆုံမှုအပြီး သတင်းစာထုတ်ပြန်ချက်ကို ထုတ်ဝေခဲ့ပါသည်။[92] ဗြိတိန်အနေဖြင့် ဝန်ကြီးဦးခင်ရီ ကြုံတွေ့နေရသည့် လုပ်ဆောင်ရန် ခက်ခဲသည့် အခြေအနေကို သိရှိနားလည်ပြီး ဖြစ်ပါသည်။ အလှူရှင်များ၏ ဖိအားကလည်း ရှိနေချိန်၊ လုပ်ငန်းစဉ်ရေးဆွဲထားမှုကလည်း အားနည်းချက်များ၊ အမှားများရှိနေသည့်အပြင် ကြုံတွေ့လာရနိုင်သည့် အန္တရာယ် များကို ဦးစားပေးလျှော့ချရန် အားနည်းခြင်းများက ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ သို့တိုင်အောင် သတင်းထုတ်ပြန်ချက် တွင် "ကျွန်ုပ်တို့သည် မြန်မာအစိုးရနှင့် ကုလသမဂ္ဂကို နိုင်ငံရေးအရ ကြုံတွေ့လာရနိုင်သော အန္တရာယ်များနှင့် တိုင်းရင်းသားများကြား တင်းမာမှုများကို စီမံခန့်ခွဲနိုင်ရေး ဆက်လက်နားချမည် ဖြစ်သည်" ဟု ဖော်ပြထားသည်ကို တွေ့ ရပါသည်။ လုပ်ငန်းစဉ်၏ အစောပိုင်းအဆင့် ကတည်းက ရှင်းလင်းနေသည့်အချက်မှာ နည်းပညာနှင့်ပတ်သက်ပြီး သေးငယ်သည့် အေဂျင်စီဖြစ်သည့် UNFPA သည်

[90] Letter dated 6 May from UNFPA to the UN Deputy Secretary-General, op. cit.
[91] Reported in "Preliminary results of census to be publishedin August with near complete coverage", *New Light of Myanmar*, 8 May 2014, p. 1. See also "Census extended in Rakhine, Kachin states, says official", *Mizzima*, 23 April 2014.
[92] "Joint FCO-DFID call for urgent restoration of humanitarian access to all communities in RakhineState. Mr Swire summons Burmese Ambassador", press release, 7 April 2014. See also "Violence in Rakhine State Burma", Australian foreign minister media release, 6 April 2014.

ကြုံတွေ့ရနိုင်သည့် နိုင်ငံရေးအရအန္တရာယ်များကို သိပ်အလေးမထား ခြင်းကို တွေ့ရခြင်း ဖြစ်ပါသည်။ ဤနေရာတွင် အလှူရှင်များကလည်း တစ်ဦးချင်းတာဝန်ယူရမည့် အပိုင်းကို ပျက်ကွက်ကြ ခြင်း ဖြစ်ပါသည်။

## VII. အနာဂတ်တွင် တွေ့ရနိုင်သည့် အန္တရာယ်များ

စာရင်းကောက်ယူမှုများ ပြီးဆုံးသွားသော်လည်း နိုင်ငံရေးနှင့်ဆိုင်သော အန္တရာယ်များနှင့် ပဋိပက္ခဖြစ်နိုင်သည့် အန္တရာယ်များကမူ ပြီးဆုံးမသွားသေးပေ။ အရေးကြီးသော အန္တရာယ်များ အနာဂတ်တွင် ဖြစ်လာနိုင်သည့် အခြေအနေ တွင်ရှိပြီး ၎င်းအန္တရာယ်ဖြစ်နိုင်ချေကို လျှော့ချရန် ခက်ခဲမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အန္တရာယ်၏ သဘာဝ အရလည်းကောင်း၊ ယခုအချိန်တွင် အလှူရှင်များနှင့် ကုလသမဂ္ဂတို့၏ ဩဇာလွှမ်းမိုးမှု သိသိသာသာကျဆင်းလာ နေခြင်းကြောင့် လည်းကောင်းဖြစ်ပါသည်။ အလှူရှင်များ၏ ရန်ပုံငွေပေါ်တွင်တည်မှီပြီး လုပ်ဆောင်ရသော အရေးကြီးဆုံး စီမံချက်အပိုင်းမှာ ပြီးဆုံးသွားခြင်းကြောင့် ဖြစ်ပါသည်။

ယခင်က သန်းခေါင်စာရင်းအချက်အလက်များကို အဆင့် ၃ ဆင့်ခွဲ၍ ထုတ်ပြန်ရန် အစီအစဉ်ရေးဆွဲ ထားခဲ့ပါသည်။ ပထမအဆင့်ကို ၂၀၁၄ ဩဂုတ်လတွင် ကျား ၊ မ နှင့် ဒေသ စုစုပေါင်း ကိန်းဂဏန်းအား ထုတ်ပြန်ရန် ဖြစ်ပါသည်။ ဒုတိယအဆင့်အတွင် အဓိကကျသော ရလဒ်များထုတ်ပြန်ရန် ဖြစ်ပါသည်။ ၎င်းတွင် အလိုအလျောက်ထွက်ပေါ်လာမည့် အချက်အလက်များ ပါဝင်မည်ဖြစ်ပြီး ၂၀၁၅ မေလတွင် ထုတ်ပြန်ရန် ရည်ရွယ်ထားပါသည်။ တတိယအဆင့်တွင်မူ လူအား ဖြင့်လုပ်ရသော ကုဒ်နံပါတ်ထည့်သွင်းရန် လိုအပ်သည့် အချက်အလက်များ ပါဝင်မည်ဖြစ်ရာ (အခြားတိုင်းရင်းသား အမျိုး အစားခွဲခြားမှုများကဲ့သို့သော) ယာယီအားဖြင့် ၂၀၁၅ နှစ်ကုန်တွင် ထုတ်ပြန်ရန်ရှိသော်လည်း ထို့ထက်နောက်ကျနိုင်ပါ သည်။

ဤနေရာတွင် အလေးနက်ဆုံးထား၍ ဂရုပြုရမည့် အန္တရာယ် သုံးခုရှိပါသည်။[93]

- နိုင်ငံအတွင်း မွတ်ဆလင်များ၏ စုစုပေါင်း အရေအတွက်သည် မျှော်လင့်ထားသည်ထက် များကောင်း များနေ နိုင်ပါသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် မွတ်ဆလင်ဦးရေကို ၄ ရာခိုင်နှုန်းဟု ဖော်ပြခဲ့ပါသည်။ သို့သော် ထိုစဉ်က ကောက်ခံခဲ့သော အမှန်တကယ်စာရင်းအရ ၁၀ ရာခိုင်နှုန်းကျော်ရှိပြီး နိုင်ငံရေးအရ ဖြစ်ပေါ်နိုင်သည်များကို ရှောင်ရှားနိုင်ရန် လျှော့ချဖော်ပြခဲ့သည်ဟူသော ယုံကြည်ရလောက်သည့် သာဓကများ ရှိနေပါသည်။[94] ဤကိစ္စသည် အစွန်းရောက်များက စဉ်းစားဆင်ခြင်ခြင်းမရှိပဲ တိုင်းပြည်တွင် မွတ်ဆလင်များ များစွာပြန့်နှံ့နေသည်ဟု ပုံပြောလာနိုင်ပါသည်။ မွတ်ဆလင်ဦးရေကို ဒေသအလိုက်ခွဲ၍ ထုတ်ပြန်မည်ဆိုပါက လည်း ကြီးမားစွာ

[93] Some of these risks are discussed in more detail in "Ethnicity without meaning …", op. cit.
[94] See Crisis Group Conflict Alert, "A Risky Census", op. cit.

မီးမွှေးလိုက်သည့်သဖွယ် ဖြစ်နိုင်ပါသည်။ သက်ဆိုင်ရာဒေသတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်အချို့၏ စိုးရိမ်စိတ်ကို ပိုမိုဖြစ်စေခြင်း သို့မဟုတ် ဒေသတစ်ခုတွင် ၉၆၉ လှုပ်ရှားမှုကဲ့သို့သော မွတ်ဆလင်ဆန့်ကျင်ရေး အုပ်စုများ၊ လှုပ်ရှားမှုများကို အာရုံပြုလုပ်ဆောင်စေရန် အားပေးလိုက်သကဲ့သို့ ဖြစ်နိုင်ပါသည်။ ရခိုင်ပြည်နယ်တွင်လည်း အားလုံးကို တိတိကျကျကောက်ခံနိုင်မည့် အတိုင်းအတာအပေါ် မူတည်၍ ထွက်ပေါ်လာမည့် ကိန်းဂဏန်းများသည်လည်း ပေါက်ကွဲမှုများဖြစ်လာနိုင်ပါသည်။

- တိုင်းရင်းသားလူမျိုးနှင့် ပတ်သက်သော အချက်အလက်များလည်း ကြီးစွာအငြင်းပွားဖွယ်များ ရှိနိုင်ပါသည်။ မက်ခရိုအဆင့် ကျယ်ပြန့်သော စကေးမျိုးတွင် မြန်မာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများ၏ လူဦးရေ အချိုးချထားမှုသည်လည်း အချို့လူများ၏ အရင်ကတည်းကရှိနေပြီးဖြစ်သော ခံယူချက်အမြင်များ၏ စိန်ခေါ်မှု ကို ရှောင်ရှားနိုင်လိမ့်မည် မဟုတ်ပေ။ လူ့အဖွဲ့အစည်း အမျိုးမျိုးကြားတွင် ကိန်းဂဏန်းအရေအတွက်နှင့် ပတ်သက်၍ ကြီးစွာခြားနားသောအမြင်ရှိနှင့်ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သရုပ်လက္ခဏာ နှင့် ဆိုင်သောနိုင်ငံရေး ( Identity Politics) ကလည်း အထင်ရှားရှိနေပြီဖြစ်ရာ ဒေသတစ်ခုချင်းအလိုက်ခွဲ၍ လူဦးရေအချိုးကို အသေးစိတ်ထုတ်ပြန်မည် ဆိုပါကလည်း အဆိုပါဒေသ၏ နားလည်မှုများကို စိန်ခေါ်လာနိုင် ဖွယ်ရှိပြီး တင်းမာမှုများကို လောင်စာပင့်ပေးသည့်သဖွယ် ဖြစ်နိုင်ပါသည်။ အစိုးရက သန်းခေါင်စာရင်း ကောက်ယူသည့် အချိန်နှင့်တစ်ပြိုင်နက် တိုင်းရင်းသားအသိုင်းအဝိုင်းအမျိုးမျိုးကလည်း အလွတ်သဘော စာရင်းကောက်ယူမှုများရှိရာ အကယ်၍ အစိုးရထုတ်ပြန်သော ကိန်းဂဏန်းများဖြင့် ထူးထူးခြားခြား ကွဲပြား ခြားနားမှုများ ရှိပါက ကောက်ယူပုံနည်းစနစ်ကလည်း အမျိုးမျိုးရှိနေရာ မဖြစ်နိုင်ဟု ရှုမြင်ရန်ခက်ခဲပါသည်။ ထိုသို့ ကွဲပြားမှုကြောင့် သန်းခေါင်စာရင်းမှ တိုင်းရင်းသားနှင့် ပတ်သက်သော အချက်အလက်များကို လက်မခံ မှုများ ဖြစ်လာနိုင်သလို အစိုးရက အချက်အလက်များကို နိုင်ငံရေးအကျိုးအလို့ငှာ လိုသလို ကစားနေသည်ဟု သံသယများကို လောင်စာပင့်ပေးသည့်သဖွယ်လည်း ဖြစ်လာနိုင်ပါသည်။
- အချက်အလက်များ ထုတ်ပြန်ချိန်သည် အကယ်၍ ၂၀၁၅ နှောင်းပိုင်း ရွေးကောက်ပွဲအတွက် မဲဆွယ် စည်းရုံးရေးဆင်းသော ကာလဖြစ်ပါက ရှေ့တွင်ဖော်ပြသည့် အန္တရာယ်အချို့ အသံကျယ် လာနိုင်ပါသည်။ ရွေးကောက်ပွဲနှင့် တိုက်ရိုက်ပတ်သက်သော အန္တရာယ်များလည်း ရှိလာနိုင်ပါသည်။ ထုတ်ပြန်သော တိုင်းရင်းသားအရေအတွက်ဆိုင်ရာ အချက်အလက်များကို ကြည့်၍ ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများတွင် မည်သည့်တိုင်းရင်းသားအမတ်နေရာများ ထပ်တိုး ထည့်သွင်းရမည်ကို ဆုံးဖြတ်ရန် အသုံးချလာနိုင်ပါသည်။ သို့မဟုတ်ပါကလည်း တိုင်းရင်းသား

> အုပ်စုများက အဆိုပါအချက်အလက်များကို အခြေခံ၍ တောင်းဆိုမှုများ ပြုလုပ်လာနိုင်ပါသည်။[95] နယ်မြေတစ်ခုချင်းအလိုက် တိုင်းရင်းသားလူဦးရေကိုခွဲ၍ ဖော်ပြမည်ဆိုပါက အုပ်စုတစ်ခု သို့မဟုတ် အခြားအုပ်စုတစ်စု မျှော်မှန်းထားသည်နှင့် ခြားနားနေပါက နိုင်ငံရေးအရ တင်းမာမှုများ ဖန်တီးလာနိုင်ပါသည်။ ပြည်နယ်အဆင့်တွင် ထိုပြည်နယ်၏ အဓိကတိုင်းရင်းသား အုပ်စုသည် အများစုလူဦးရေရှိမနေဟု ပေါ်ပေါက်လာပါက အလေးအနက်ထည့်သွင်း စဉ်းစားရမည့် ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ (ပြဿနာတစ်ရပ်အသွင်သို့လည်း ပြောင်းသွားနိုင်ပါသည်) ။

အထက်က ဖော်ပြခဲ့သော အန္တရာယ်များအားလုံးမှာ အလေးအနက်ထား စဉ်းစားရမည့် အလားအလာ ရှိပါသည်။ သို့သော် အချက်အလက်များမှမူ သဘာဝတစ်မျိုးဖြင့် ကောက်ယူသွားပြီးဖြစ်ရာ ဖြစ်လာနိုင်သည့် အန္တရာယ် များကို မည်သို့ကိုင်တွယ်မည်ဆိုသည်ကို ကိုယ်တိုင်ခက်ခက်ခဲခဲ ဆုံးဖြတ်၍ နည်းလမ်းများ ရွေးချယ်ရပါလိမ့်မည်။ အချို့အချက်အလက်များကို မထုတ်ပြန်ပဲ ထားခြင်းကဲ့သို့သော ၊ အချို့အန္တရာယ်ကို လျှော့ချပေးမည့် မဟာဗျူဟာ ကလည်း ပြဿနာအချို့ရှိနိုင်ရာ ခက်ခဲသော ဆုံးဖြတ်ချက်များ ရွေးချယ်မှုများ ပြုလုပ်ရပါမည်။ ယခုကဲ့သို့သော အဆင့်မျိုးတွင် လွယ်လွယ်ကူကူ ရွေးချယ်နိုင်သော နည်းလမ်းမရှိပေ။ ဤအဆင့်တွင် အလှူရှင်များ (သို့မဟုတ်) UNFPA ကလည်း ဩဇာလွှမ်းမိုးမှု ရှိနိုင်၊ မရှိနိုင် ရှင်းရှင်းလင်းလင်း မသိနိုင်။

UNFPA ကမူ သန်းခေါင်စာရင်းကောက်ယူခြင်းသည် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ အမျိုးအစား သတ်မှတ်ရေးနှင့် ပတ်သက်၍ အပေါင်းလက္ခဏာဆောင်သော အကျိုးအမြတ်များ ရှိပါသည်ဟု ရှင်းလင်းပြောကြား နေပါသည်။ ထိုသို့ရှင်းပြနေခြင်းသည် တိုင်းရင်းသားခေါင်းဆောင်အများစုက သန်းခေါင်စာရင်းကို ထောက်ခံသည်ဟု ယုံကြည်ရမှု အပေါ်၌လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးက တိုင်းရင်းသားလူမျိုးများ၏ တရားဝင်စာရင်းကို ပြန်လည်စဉ်းစားရန် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ် စတင်မည်ဟု ကတိပြုမှုအပေါ်လည်းကောင်း အခြေခံ၍ ရှင်းပြခြင်းဖြစ်ပါသည်။[96] အချို့အလှူရှင်များကလည်း ထိုနည်းလည်းကောင်း ရှုမြင်သည်ကို တွေ့ရပါသည်။[97] လူဝင်မှုကြီးကြပ်ရေးဝန်ကြီး၏ စဉ်းစားမှုမှာ လေးစားဖွယ်ဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားများ၏ လူဦးရေ အခြေအနေသည် သဘောမတူမှုများ၊ ကွဲပြားခြားနားမှုများကို ဖြစ်စေမှုကို ပိုမိုသေချာစေမည့် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးကိစ္စကို ပိုမိုကျယ်ပြန့်စွာ အခြေအတင်ပြောဆိုနိုင်မည့် အစပြုစေသော ဆုံမှတ်တစ်ခု ဖြစ်၊ မဖြစ်မှာမူ မေးခွန်းထုတ်ရမည် ဖြစ်ပါသည်။ တိုင်းရင်းသားကိစ္စမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထွက်ပေါ်လာတော့မည့် နိုင်ငံရေးဆွေးနွေးမှု အဆင့်၌ ဆွေးနွေးရန် ပိုမိုသင့်လျော်သည့် ကိစ္စဖြစ်ပါသည်။

[95] Under section 161 of the constitution, additional ethnic seats are delineated for ethnic groups that reach a threshold in any state or region equivalent to more than 0.1 per cent of the population of the country.
[96] Letter dated 6 May from UNFPA to the UN Deputy Secretary-General, op. cit.
[97] Crisis Group interviews, donor embassy representatives, Yangon, April-May 2014.

အစိုးရအနေဖြင့် ကြုံတွေ့ရနိုင်သော အန္တရာယ်များကို ယခုအချိန်နှင့် သန်းခေါင်စာရင်းရလဒ်များ ကျေညာသည့် အချိန်အတွင်း တစ်စိတ်တစ်ပိုင်း လျှော့ချနိုင်သည့် အဆင့်များ ရှိပါသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် အားနည်းသော လူနည်းစုများရှိသည့် နယ်မြေများတွင် လုပ်ဆောင်ရပါမည်။ ပထမဦးဆုံးအနေဖြင့် ရခိုင်ပြည်နယ် တွင် ပိုမိုကောင်းမွန်သော လုံခြုံရေးများ ဖြည့်ဆီးပေးရန် လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ်က တွေ့မြင်ရသော ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုမျိုး ပြန်လည်မပေါ်ပေါက်စေရန် သေချာစေရေးအတွက် ဖြစ်ပါသည်။ သဘာဝ ကျကျ သုံးသပ်ရလျှင် စစ်တပ်ကသာလျှင် ထိုကိစ္စကို ကိုင်တွယ်နိုင်စွမ်းနှင့် လူ့အသိုင်းအဝိုင်း၏ ယုံကြည်မှု ရှိသော အဖွဲ့ဖြစ်ပါသည်။ စစ်တွေတွင်မကြာသေးမီက အကြမ်းဖက်မှုများ၌ ၎င်းတို့ ပါဝင်ခဲ့သော ကဏ္ဍကို ကြည့်နိုင်ပါသည်။ ဒုတိယအဆင့်အားဖြင့် အစိုးရသည် တိုင်းပြည်၏ နယ်စပ်များ၌ လုံခြုံရေးကို အကာအကွယ်ပေးရန်အသင့်ရှိကြောင်း ပြည်သူသို့ ရှင်းရှင်းလင်းလင်း ကျေညာချက် ထုတ်ပြန်ထားရန် လိုအပ်ပါသည်။ တတိယအဆင့်အားဖြင့် အစိုးရအနေဖြင့် တိုင်းရင်းသားများ နှင့် ဘာသာရေးလူနည်းစုများအပေါ် ပိုမိုခွဲခြားဆက်ဆံသည့် လှုပ်ရှားမှုများကို ဆန့်ကျင်သည့် ဦးဆောင် ကဏ္ဍတွင် အားကောင်းစွာ ရပ်တည်နေသင့်ပါသည်။

## VIII. **နိဂုံး**

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ပုံနှင့် သန်းခေါင်စာရင်းမှ ကောက်ယူနိုင်မည့် ကိန်းဂဏန်း အချက်အလက်များ၏ တန်ဖိုးမှာသံသယဖြစ်ဖွယ်မရှိပေ။ သို့သော် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ရေးဆွဲ ထားသော နည်းလမ်းနှင့် အကောင်အထည်ဖော်မှုတွင် အမှားအယွင်းများ၊ အားနည်းချက်များ ရှိနေပြီး ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ ထိရှလွယ်သောအဆင့်တွင် နိုင်ငံရေးနှင့် ပဋိပက္ခဖြစ်နိုင်သော အန္တရာယ်များ ကို လုံလောက်စွာ ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။ လုပ်ငန်းစဉ်၏ မအောင်မြင်မှုများနှင့် လုပ်ငန်းစဉ်ကြောင့် ထိခိုက်မှုများအတွက် UNFPA တွင် တစ်စိတ်တစ်ပိုင်း တာဝန်ရှိပါ သည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ငန်းစဉ်ရေးဆွဲခြင်း၊ ပြင်ဆင်ရေးလုပ်ငန်းများကို လမ်းညွှန်ရာတွင် UNFPA သည် ကြီးမားသော ကဏ္ဍမှ ပါဝင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ တစ်စိတ်တစ်ပိုင်းသည် အစိုးရတွင် တာဝန်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်ငန်းစဉ်ကို အစိုးရ၏ အာဏာစက် အောက်တွင် အကောင်အထည်ဖော်ရခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ကုလသမဂ္ဂ၏ စနစ်တွင်လည်းကောင်း၊ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတော်တော်များများကို ရန်ပုံငွေထောက်ပံ့သော သန်းခေါင်စာရင်းအတွက် အလှူရှင်များ အပိုင်းမှလည်းကောင်း နိုင်ငံရေးအရ တွက်ချက်ရမည့်အချက်များ သတိမမူခဲ့ခြင်းနှင့် အန္တရာယ်များကို သိရှိရန် လိုအပ်ချက်များ ရှိပါ သည်။

အခွန္အရာယ်များကို စတင်သဘောပေါက်လာချိန်တွင် အခွန္အရာယ်ကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် လိုအပ် သော အဓိကပြောင်းလဲမှုများ ပြုလုပ်ရေးကို နားမချနိုင်ခဲ့ပဲ အဓိကကျသော အလှူရှင်များသည် အစိုးရကို အစီအစဉ် အတိုင်းမပြောင်းလဲဘဲ ရှေ့ဆက်လုပ်ရန် တွန်းအားပေးခဲ့ပါသည်။ ဆိုလိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူမှုကို ရွှေ့ဆိုင်းခြင်း (သို့မဟုတ်) လျှော့ချခြင်းများ ပြုလုပ်ရန် ဆိုလိုခြင်းဖြစ်ပါသည်။ စာရင်းကောက်ယူခါနီး ရက်ပိုင်းအလိုခန့်တွင် ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများ ဖြစ်ပွားသောအခါ နောက်ဆုံးအချိန် အဓိကပြန်လှန်သုံးသပ်မှုများ ပြုလုပ်ရန် အကြံပြုမှုများ ရှိခဲ့ပါသည်။ သို့သော်လည်း အစိုးရသည် အစီအစဉ်တိုင်း ဆက်လုပ်ရန်ကိုသာ ဆုံးဖြတ်ခဲ့ပြီး ရခိုင်ပြည်နယ် နှင့် ကချင်ပြည်နယ်တို့တွင် စာရင်းကောက်ယူမည့်သူများကို လုံခြုံရေးတပ်ဖွဲ့များ ခြံရံ၍ လုပ်ဆောင်စေခဲ့ပါသည်။ ရခိုင်လူမျိုးများ သပိတ်မှောက်ရန် ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှု အခွန္အရာယ်ကို ရှောင်လွှဲသည့်အနေဖြင့် ရိုဟင်ဂျာဟု မိမိကိုယ်ကိုစာရင်းရေးသွင်းမှုကို ပိတ်ပင်ခဲ့ပါသည်။ ထို့နောက် UNFPA နှင့် အချို့အလှူရှင်များသည် ၎င်းတို့ တာဝန်ရှိသည့်အပိုင်းကို လက်ခံရမည့်အပေါ် ရှောင်လွှဲလို၍ အစိုးရအပေါ်တွင်သာ လုံးလုံးအပြစ်ပုံချရန် ကြိုးစားထားသည့် ကြေညာချက်များ ထုတ်ပြန်ခဲ့ပါသည်။

အခွန္အရာယ်များက ဤမျှနှင့် ပြီးဆုံးမသွားပါ။ ကြုံတွေ့လာရနိုင်သော အရေးကြီးအခွန္အရာယ်များတွင် သန်းခေါင်စာရင်းရလဒ်ကို ထုတ်ပြန်မည့်အချိန်သည် မည်သည့်အချိန်ဖြစ်မည်ဆိုသည်နှင့် ရလဒ်၏ သဘောသဘာဝများ ပါဝင်နေပါသည်။ ထိုကြုံတွေ့လာရနိုင်သည့် အခွန္အရာယ်များကို ထိရောက်စွာ လျှော့ချထားရန် လိုအပ်ပါသည်။ ယခု နောက်ပိုင်းအဆင့်များတွင် ကုလသမဂ္ဂနှင့် အလှူရှင်များသည် လုပ်ငန်းစဉ်အပေါ် ဩဇာလွှမ်းမိုးမှု လျော့ကျလာနေရာ အခွန္အရာယ်များကို ထိထိရောက်ရောက်လျှော့ချရေးလုပ်ဆောင်ရန် လွယ်ကူလိမ့်မည် မဟုတ်ပေ။ ဤကိစ္စကို ကျော်လွန်၍ဆိုရလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲများအပါအဝင် မြန်မာနိုင်ငံတွင် အနာဂတ်၌ အလှူရှင်များ ပါဝင်သည့်လုပ်ဆောင်ချက်များအတွင်း ပဋိပက္ခအတွက် ထိရှလွယ်မှုများတိုးတက်လာခြင်းနှင့် အခွန္အရာယ်လျှော့ချခြင်းများ နှင့် ပတ်သက်၍ အရေးကြီးသော သင်ခန်းစာ များကို လေ့လာမှတ်သားထားရပေလိမ့်မည်။

**ရန်ကုန်/ဘရပ်ဆယ် ၁၅ မေလ ၂၀၁၄**

## Appendix A: Map of Myanmar




Map No. 4168 Rev. 3 UNITED NATIONS
June 2012

Department of Field Support
Cartographic Section